SAMPLE BOOK

# တိုက်စိုး

# ဂျူဗလီဟောမြင်ကွင်း



mgyoe.com SAMPLE BOOK

ဂျူဗလီဟော စတင်ပြီးစီးသည့် အချိန်မှစ၍ ကျင်းပခဲ့သော
အခမ်းအနား ပွဲလမ်းသဘင်တို့ကား များပြောင်လှပေသည်။
ယင်းတို့သည် မြန်မာ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး သမိုင်း၏
သရုပ်သဏ္ဌာန်လည်း ဖြစ်ပေသည်။
ထို့ကြောင့် သမိုင်းစဉ်ပေါ်ရလေအောင် ဂျူဗလီဟော၌
ခင်းကျင်းခဲ့သော အခမ်းအနား၊ ပွဲလမ်းသဘင်တို့မှ သက်ဆိုင်
သမျှကို ရွေးထုတ်၍ ဤစာအုပ်တွင် မှတ်တမ်းတင်ပါသည်။

TS- 3000 Ks
9 254848 049375

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာတိုက်စိုးရဲ့ ဒီစာအုပ်ကို နှစ်ကာလများစာပေက ၂၀၁၂ ခုနှစ်က
ဒုတိယအကြိမ်အဖြစ် ထုတ်ခဲ့ပါတယ်။
အခါအခွင့်သင့်လို့ ခုလို တတိယအကြိမ် ပြန်လည် ထုတ်ခွင့်ရတဲ့အခါ
အရင် ဒုတိယအကြိမ်ထုတ်ခဲ့စဉ်က စာပေစိစစ်ရေးက ဖြတ်တောက်ခဲ့တာ
အနည်းအကျဉ်းရှိခဲ့တာတွေကို ပြန်လည် ဖြည့်စွက်ပြီး ဆရာတိုက်စိုးရဲ့
ပထမအကြိမ်ထုတ်မူအတိုင်း ထုတ်ဝေလိုက်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

တန်ဖိုး – ၃၀၀၀ ကျပ်

mgyoe.com

mgyoe.com
SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၂၈၃

# ဂျူပလီဟောမြင်ကွင်း

## တိုက်စိုး

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၂၅ ၄၈ ၄၈ ၀၄၈
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**
ဂျူဗလီဟော မြင်ကွင်း
တိုက်စိုး
ပထမအကြိမ်၊ ဩဂုတ်၊ ၁၉၇၈၊ ချင်းတွင်းစာပေ
ဒုတိယအကြိမ်၊ ဇန်နဝါရီ၊ ၂၀၁၂၊ နှစ်ကာလများစာပေ
တတိယအကြိမ်၊ ဇွန်လ၊ ၂၀၁၈၊ နှစ်ကာလများစာပေ
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၃၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးလပြည့်ဝေး၊ လပြည့်လင်း ပုံနှိပ်တိုက်(၀၁၃၆၉)၊ အမှတ် ၁၁(အိပ်ချ်)၊ ၅၅ လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ **ကွန်ပျူတာစာစီ** Dream City။ **မျက်နှာဖုံး** ဘငွေးကြည်။ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| – | အမှတ်တရ ဘဝဖြစ်စဉ် | ၇ |
| – | အမှာစာ | ၁၀ |
| – | ဓာတ်ပုံများ | ၁၂ |
| ၁။ | ဂျူဗလီဟောအစ | ၁၉ |
| ၂။ | ဝိုင်အမ်ဘီအေ | ၂၂ |
| ၃။ | ကရက်ဒေါက်စီမံကိန်း | ၃၅ |
| ၄။ | ဝိုင်နှင့်သပိတ် | ၅၆ |
| ၅။ | ဒိုင်အာခီလာပြီ | ၆၅ |
| ၆။ | ခွဲရေးတွဲရေး | ၁၀၀ |
| ၇။ | ဒိုင်အာခီအဆုံး | ၁၁၉ |
| ၈။ | နိုင်ငံရေးပါတီများ | ၁၃၁ |
| ၉။ | ၉၁ ဌာန အုပ်ချုပ်ရေး | ၁၃၉ |
| ၁၀။ | စစ်ကြိုခေတ် | ၁၄၄ |
| ၁၁။ | ကမ္ဘာစစ်နှင့် မြန်မာနိုင်ငံ | ၁၆၂ |
| ၁၂။ | လွတ်လပ်ရေးသို့ | ၁၇၈ |
| ၁၃။ | ပြည်တွင်းငြိမ်းချမ်းရေး | ၁၉၀ |
| ၁၄။ | ဂျူဗလီဟောအဆုံး | ၁၉၄ |
| ၁၅။ | မှတ်စုများ | ၁၉၉ |


❑

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# တိုက်စိုး (၁၉၂၀-၂၀၀၃) အမှတ်တရ ဘဝဖြစ်စဉ်

၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၀ ရက် (တနင်္လာနေ့)တွင် ဖျာပုံမြို့နယ်၊ သမိန်ထောရွာ၌ မြေပိုင်ရှင် ဦးဖိုး၀၊ အမိဒေါ်ငွေနုတို့မှ မွေးဖွားခဲ့ပါသည်။ အမည်အရင်းမှာ ဦးသန်းထွတ် ဖြစ်ပါသည်။

၁၉၂၆–၃၆ သမိန်ထောရွာ မြန်မာအလယ်တန်းကျောင်း၊ ဖျာပုံ အစိုးရအထက်တန်းကျောင်းများတွင် ၉ တန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၃၇–၃၈ အထက်တန်းကျောင်းသားဘဝတွင် ရန်ကုန်မြို့မကျောင်းမှ ထုတ်ဝေသော ဝံသယုဝ မဂ္ဂဇင်းတွင် စာ စတင်ရေးသည်။ ပထမဆုံးဖော်ပြခံရသော စာမူမှာ "ချစ်ဆွေများသို့" စာမူဖြစ်ပြီး ကလောင်အမည် သန်းထွတ် (၁၀ ဆင့်/ဃ)ဖြင့် ရေးသားသည်။

၁၉၃၈– ရန်ကုန်မြို့မ အမျိုးသားကျောင်းမှ ၁၀ တန်း အောင်မြင်သည်။

၁၉၄၆–ရန်ကုန်တက္ကသိုလ်မှ ဘီအေ ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန၌ နည်းပြအဖြစ် တာဝန်ထမ်းသည်။ ၁၉၄၇ တွင် နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်နေစဉ် အင်္ဂလန်နိုင်ငံ လဗ္ဗရာစက်မှုကောလိပ် (Loughbrough College)သို့ ပညာတော်သင်အဖြစ် အရွေးချယ်ခံရသည်။

၁၉၄၉– ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနဆိုင်ရာ စာကြည့်တိုက်မှူးအဖြစ် တာဝန်ယူသည်။

၁၉၅၀– ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၉၅၁- အင်္ဂလန်နိုင်ငံ စာကြည့်တိုက်အသင်းမှ A.L.A အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ ရန်ကုန်တက္ကသိုလ် လက်ထောက်စာကြည့်တိုက်မှူး အဖြစ် တာဝန်ယူသည်။

၁၉၅၂- ရာမခရစ်ရှနာ မစ်ရှင်အဖွဲ့ စာကြည့်တိုက် ကော်မတီဝင်အဖြစ် တာဝန်ယူသည်။

၁၉၅၃- မြန်မာနိုင်ငံသုတေသနအသင်း အမှုဆောင်အဖြစ် ဆောင်ရွက်သည်။

၁၉၅၅- အမျိုးသားစာကြည့်တိုက် အထူးအရာရှိအဖြစ် တာဝန်ယူသည်။

၁၉၅၆- ဝိဇ္ဇာဘွဲ့(ဥပဒေ) ရသည်။ ဥရောပ၌ စာကြည့်တိုက်ပညာ ဆက်လက်လေ့လာသည်။

၁၉၆၀- ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးဝန်အဖြစ် တာဝန်ယူသည်။ ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၁ ( ဇူလိုင်၊ ၁၉၆၀)မှစ၍ တိုက်စိုး ကလောင်အမည်ဖြင့် ဝေဖန်ရေးဆောင်းပါးများ စတင်ရေးသားသည်။

၁၉၆၅- ရန်ကုန်စက်မှုလက်မှုကျောင်း (ယခုစက်မှုလက်မှုနှင့် သက်မွေးပညာ ဦးစီးဌာန)မှ ဆရာမ ဒေါ်မြင့်မြင့်သန်း (စာရေးဆရာမ တက္ကသိုလ်မြစိမ်း)နှင့် လက်ထပ်သည်။ မင်းယုဝေနှင့် တွဲဖက်၍ မြန်မာစာမိတ်ဖွဲ့ (ပထမဦးဆုံး လုံးချင်းစာအုပ်)ကို ရေးသားထုတ်ဝေသည်။

၁၉၇၁- ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ပညာဌာန (ယခု စာကြည့်တိုက်နှင့် သုတပညာဌာန) စတင်ဖွင့်လှစ်သောအခါ ရည်ညွှန်းဘာသာရပ်ကို အချိန်ပိုင်းကထိကအဖြစ် ၁၉၈၈ အထိ ပို့ချသည်။

၁၉၇၂- ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆောင်ရွက်သည်။

၁၉၈၂- ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူသည်။ ဆရာ၏ ဝန်ထမ်းဘဝ မွေးသက္ကရာဇ်မှာ ၂-၁-၁၉၂၂ ဖြစ်၍ ၁၉၈၂ တွင် အသက် ၆၀ ပြည့် ပင်စင်ယူခြင်း ဖြစ်ပါသည်။ အငြိမ်းစား မယူမီအထိ အင်္ဂလန်၊ အမေရိကန်၊ ဂျပန်၊ ရုရှား၊ ပြင်သစ်၊ နော်ဝေ၊ အိန္ဒိယ၊ တရုတ်နိုင်ငံများသို့ လေ့လာရေး သွားရောက်ခဲ့သည်။

၁၉၈၃- အငြိမ်းစားယူပြီးနောက်ပိုင်း ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် သုတေသန အချိန်ပိုင်းကထိက၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ဝင်၊ စာပေဗိမာန်နှင့် အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့ဝင်၊ ပညာတန်ဆောင် အုပ်ချုပ်

mgyoe.com

mgyoe.com

SAMPLE BOOK

ရေးအဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာန ပြင်ပစာစစ်၊ မြန်မာသမိုင်း အဖွဲ့ဝင် (၁၉၈၅ မှ ကွယ်လွန်ချိန်အထိ) တာဝန်များကို ဆက်လက်ထမ်းဆောင်သည်။

၁၉၉၆– 'မင်္ဂလာပါ ဆရာမ' စာအုပ်ဖြင့် အမျိုးသားစာပေ ဘာသာပြန် (ရသ)ဆု ရရှိသည်။

၁၉၉၉– ပခုက္ကူ ဦးအုန်းဖေ၏ 'တစ်သက်တာ စာပေဆု' ကို ရရှိခဲ့သည်။

၂၀၀၀ ပြည့်နှစ် အမျိုးသားစာပေဆု (စာပဒေသာဆု) ကို 'ဇေယျ' စာအုပ်ဖြင့် ထပ်မံရရှိပြီး ၂၀၀၃ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရမှ ချီးမြှင့်သည့် ဝိဇ္ဇာထူးချွန်ဆု (ပထမဆင့်) ရရှိသည်။

၂၀၀၃ ခု မေလ ၄ ရက် ညနေ ၅ နာရီအချိန်တွင် ကွယ်လွန်သည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

ဂျူဗလီဟောသည် အများဆိုင် အဆောက်အအုံဖြစ်လေသည်။ ထို့ကြောင့် ဂျူဗလီဟောတွင် မင်္ဂလာဆောင်၊ လူထုအစည်းအဝေး၊ ဟောပြောပွဲ၊ ပြပွဲ၊ ကပွဲ စသည်များကို ပြည်သူဘက်ကရော၊ အစိုးရဘက်ကပါ မကြာခဏ လုပ်ခဲ့ကြလေသည်။

ဤတွင် ထိုအဆောက်အအုံသည် မူလက မြူနီစီပါယ် အုပ်ချုပ်ရေး လက်အောက်တွင် ရှိပါ၏။ မြူနီစီပါယ်မှပင် ပြည်သူ့ဘက်၊ အစိုးရဘက်က ငှားရမ်းသုံးစွဲခဲ့ကြလေသည်။ ၁၉၅၂ခုနှစ်တွင်ကား ထိုအဆောက်အအုံသည် အစိုးရပိုင် ဖြစ်လာလေသည်။ ထိုအခါ ထိုနေရာတွင် ပြည်သူဘက်က လုပ်ငန်းဆောင်တာ နည်းပါးသွားလေသည်။

မည်သို့ပင်ဖြစ်စေ၊ ဂျူဗလီဟော စတင်ပြီးစီးသည့်အချိန်မှစ၍ ကျင်းပခဲ့သော အခမ်းအနား ပွဲလမ်းသဘင်တို့ကား များပြောင်လှပေသည်။ ယင်းတို့သည် မြန်မာ့လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးသမိုင်း၏ သရုပ်သဏ္ဌာန်လည်းဖြစ်ပေသည်။ ထို့ကြောင့် သမိုင်းစဉ် ပေါ်ရလေအောင် ဂျူဗလီဟော၌ ခင်းကျင်းခဲ့သော အခမ်းအနား ပွဲလမ်းသဘင်တို့မှ သက်ဆိုင်သမျှကို ရွေးထုတ်၍ ဤစာအုပ်တွင် မှတ်တမ်းတင်ပါသည်။ မှတ်တမ်းတင်ရာတွင် မူရင်းစာအုပ် စာတမ်းများကို လွယ်လင့်တကူ ရသည့်အခါသုံး၍၊ တစ်ဆင့်ခံ မှတ်တမ်းများကို သုံးတန်သည့်အခါ သုံးပါသည်။ စာဖတ်သူအဖို့ ရှင်းလင်းလေအောင် မှတ်စုများနှင့် ဓာတ်ပုံနမူနာများကိုလည်း ထည့်ပေးထားပါသည်။

ဤစာအုပ် ပြုစုရာတွင် ဓာတ်ပုံရိုက်ကူးပေးသော တက္ကသိုလ်ထင်ကြီးကိုလည်းကောင်း၊ စာအုပ်စာတမ်း ရှာဖွေပေးသော တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး ဦးသော်ကောင်းကို လည်းကောင်း၊ အမျိုးသားစာကြည့်တိုက်ဝန်ထမ်း

mgyoe.com

mgyoe.com


SAMPLE BOOK

ဦးကြိုင်လှိုင်နှင့် ဒေါ်ရွှေတို့ကိုလည်းကောင်း၊ ပန်းတနော်ဦးခန့်ကိုလည်းကောင်း၊ လက်နှိပ်စက်ရိုက်ပေးသော မဝင်းမာကိုလည်းကောင်း၊ အစစအရာရာတွင် ကူညီသော ဇနီးသည် တက္ကသိုလ်မြစိမ်းကိုလည်းကောင်း စာရေးသူက ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။


❑

mgyoe.com

mgyoe.com
SAMPLE BOOK




လက်မှုပညာပြပွဲ ရက်ကန်းစင်။ ၁၉၃၁-ခုနှစ်




လက်မှုပြပွဲ အရုပ်ခေါင်းများ။ ၁၉၃၁ ခုနှစ်

mgyoe.com

mgyoe.com
SAMPLE BOOK

ဂျူဗလီဟော အဆောက်အအုံ



ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး အမှုဆောင်အဖွဲ့ မကွဲမီ
(ဂျူဗလီဟောရှေ့)

mgyoe.com


mgyoe.com



SAMPLE BOOK




ခွဲရေးတွဲရေး အစည်းအဝေး။ ၁၉၃၂–ခုနှစ်





ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံ၊ ၁၉၄၇–ခုနှစ်

mgyoe.com

mgyoe.com
SAMPLE BOOK








ကျဆုံးသော ခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ် ပြင်ဆင်ထားပုံ
၁၉၄၈–ခုနှစ်

mgyoe.com

mgyoe.com
SAMPLE BOOK



တောင်သူလယ်သမားညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းစကားပြောနေပုံ



ဂျူဗလီဟော၌ ဗိုလ်ချုပ်အောင်ဆန်းအားလူထုကြီးက
ဩဘာသံ ကြွေးကြော်သံများဖြင့် ကြိုဆိုကြစဉ်။

mgyoe.com



၁၉၂၃ ခုနှစ်၊ ဂျူလီဟောတွင် ကပြသည့် ပထမဆုံးကျောင်းရန်ပုံငွေ ကပွဲအပြီးတွင် ရိုက်ကူးထားသော
မြို့မအမျိုးသမီး အထက်တန်းကျောင်း ဆရာမများ
ရှေ့တန်း၊ ။ဒေါ်လုရီ၊ ဒေါ်နှင်းလှိုင်၊
ကျောင်းအုပ် ဒေါ်ခင်ခင်ကြီး၊ ဒေါ်ဗီ၊ ဒေါ်သန်းမြင့်၊ ဒေါ်ကြော်ကြာ၊
နောက်တန်း။ ။ ဒေါ်သန်းတင်၊ ဒေါ်နုနု၊ ဒေါ်ခင်ဆင့်၊ ဒေါ်သိန်းတင်၊ ဒေါ်ငွေယု၊ ဒေါ်နှင်း

mgyoe.com SAMPLE BOOK




ကျန်းမာရေးပြပွဲ၊ ၁၉၃၇-ခုနှစ်



မြို့မကျောင်းကပွဲ၊ ၁၉၃၄-ခုနှစ်

mgyoe.com

mgyoe.com SAMPLE BOOK

## ၁။ ဂျူဗလီဟောအစ

၁၈၉၅–ခုနှစ်။

ထိုခုနှစ်တွင် ဂရိတ်ဗြိတိန် (အင်္ဂလန်)နိုင်ငံကို စိုးစံဆဲဖြစ်သော ဝိတိုရိယ (Victoria) ဘုရင်မကြီး၏ နန်းသက်သည် ၅၈နှစ် ရှိလာခဲ့ပြီ။ ဝိတိုရိယ ပင်လျှင် အိန္ဒိယကဲ့သို့သော ပင်လယ်ရပ်ခြား အင်ပါယာလက်နက်နိုင်ငံများ၏ ကေရိလည်း ဖြစ်နေပြန်လေသည်။

ထို့ကြောင့် ၂ နှစ်အကြာ ၁၈၉၇ခုနှစ်တွင် ဘုရင်မ၏ လက်အောက်ခံ ကိုလိုနီနိုင်ငံအသီးသီး၌ နန်းသက်အနှစ် ၆၀ပြည့် စိန်ရတုသဘင် (Diamond Jubilee) ကို ကျင်းပ ရပေတော့မည်။

ဤတွင် မြန်မာနိုင်ငံသည် အိန္ဒိယအင်ပါယာအတွင်း၌ အုပ်ချုပ်ရေးစနစ် အရ ရှိနေပါ၏။ (ဗြိတိသျှ)အင်္ဂလိပ်လူမျိုးခြား မဟာဝန်ရှင်တော်မင်းကြီး (Chief Commissioner) တစ်ဦးက အိန္ဒိယရှိ ဘုရင်ခံချုပ် (Governor-General) ကို တာဝန်ခံ၍ လက်အောက်ခံ မွန်၊ မြန်မာ၊ ရခိုင် စသော တိုင်းရင်းသားတို့ကို အုပ်ချုပ်နေပါ၏။ ထိုအခါ အုပ်ချုပ်သူ လူမျိုးခြားများက ဦးဆောင်စည်းဝေးကာ လူအများသုံးစွဲရန် ခန်းမဆောင်တစ်ခုကို စိန်ရတုသဘင် အထိမ်းအမှတ်အဖြစ် ဆောက်လုပ်မည်ဟု ဆုံးဖြတ်ကြလေသည်။

ခန်းမဆောင် ဆောက်လုပ်ရန် အခွင့်အခါလည်း ကြုံကြိုက်နေလေသည်။ ရန်ကုန်မြို့ ဘုရားလမ်းမြောက်ဘက်သို့ လျှောက်လာခဲ့ပါလျှင် မကြာမီ ဝဲဘက် တွင် ကျားကူးသိမ်ကို မြင်လာပေလိမ့်မည်။ ထိုသိမ်၏ အနောက်မြောက်ဘက် ယွန်းယွန်းတွင်ကား ထိုစဉ်က Assembly Rooms ဟု အင်္ဂလိပ်ဘာသာဖြင့် ခေါ်ကြ၍ မျက်နှာဖြူ အင်္ဂလိပ်များ စုပေါင်းရိပ်သာအဖြစ်သုံးသော သစ်သား အဆောက်အအုံတစ်ခု ရှိခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအဆောက်အအုံတွင် ဆွဲယပ်များ၊ နံရံကပ်မီးတိုင်များ၊ ဆိုဖာကုလားထိုင်များ ခင်းကျင်းလျက် ဧည့်ခန်း၊ စာကြည့်ခန်း၊ ဘိလိယက်ထိုးခန်းစသည်တို့ဖြင့် စီမံထားလေသည်။ ထိုစုပေါင်းရိပ်သာတွင်လည်း အုပ်ချုပ်သူ မျက်နှာကြီးများက အစည်းအဝေးလုပ်၊ ကပွဲက စသည်ဖြင့် သုံးစွဲခဲ့ကြလေသည်။

သို့ရာတွင် သူတို့သုံးစွဲခဲ့ကြသည်မှာ အနှစ် ၄၀ ကျော်လေပြီ။ အဆောက်အအုံသည်လည်း အတော်ပင်ဟောင်းမြင်းယိုယွင်းနေလေပြီ။ ထို့ကြောင့် ရန်ကုန်မြူနီစီပါယ် စည်ပင်သာယာရေးအဖွဲ့က ထိုအဆောက်အအုံကို အစားထိုးရန်နှင့်လူမှုရေးကိစ္စများအတွက် ကျယ်ကျယ်ပြန့်ပြန့်သုံးရန် အဆောက်အအုံသစ်တစ်ခုဆောက်မည်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေသည်[၁]။

ဆုံးဖြတ်ချက်နှင့်အညီ ၁၈၉၅ခုနှစ်၊ ဇန်နဝါရီလ၃၁ ရက်နေ့တွင် ထိုမြေကွက်၌ မဟာဝန်ရှင်တော်မင်းကြီးဖြစ်သူ ဆာ(ဘွဲ့ခံ) အလက်ဇန္ဒာမက္ကင်ဇီ (Alexander Mackenzie)သည် အဆောက်အအုံသစ် အုတ်မြစ်ချခဲ့လေသည်[၂]။ ထို့ပြင် အဆောက်အအုံသစ်အတွက် ရန်ပုံငွေ ဖွင့်၍ မြူနီစီပါယ် ဥက္ကဋ္ဌဖြစ်သူ အီး (Herbert Lovely Eales) က ငွေလက်ခံခဲ့လေသည်[၃]။ သုံးနှစ်ခန့် ကြာသောအခါ ထိုမြေနေရာ၌ ဂေါသ (Gothic)ခုံးချွန်း ဗိသုကာဟန် အုတ်အဆောက်အအုံတစ်ခုသည် ထုနှင့်ထည်နှင့် ပေါ်ပေါက်လာလေသည်[၄]။

ထိုအဆောက်အအုံသည် နှစ်ထပ်ရှိလေသည်။ သို့ရာတွင် အပေါ်ထပ်ကြမ်းနေရာ လေးပုံတစ်ပုံခန့်ကို ဟင်းလင်းပေါက်လုပ်ထားလေသောကြောင့်ရှေ့ဘက်နှင့် ဘေးနှစ်ဖက်တွင်သာ အပေါ်ထပ်ဟူ၍ နေရာကျဉ်းကျဉ်းကျန်လေသည်။

ထိုအဆောက်အအုံကို ရှေ့မျက်နှာစာမှ ဝင်လိုက်ပါမူ ဧည့်ကြိုဆောင်ကို တန်း၍ရောက်ပေလိမ့်မည်။ ထိုဧည့်ကြိုဆောင်၏ ဘေးတစ်ဖက်တစ်ချက်တွင် အပေါ်ထပ်တက်ရန် တံတောင်ဆစ်ချိုး လှေကားကျယ်ကျယ် တပ်ဆင်ထားလေသည်။

တစ်ဖန် ဧည့်ကြိုဆောင်မှ အတွင်းဘက်သို့ဝင်စရာ ခုံးချွန်းတံခါး သုံးပေါက် ရှိလေသည်။ ထိုအခါ ခန်းမဆောင်သို့ ရောက်ပေတော့မည်။ ခန်းမဆောင်၏ အဆုံးတွင် စင်မြင့်ရှိ၍ ခန်းမဆောင်၏ ဘေးတစ်ဖက်တစ်ချက်တွင် ခုံးချွန်းတံခါးပေါက် ခြောက်ခုစီနှင့် စကြံအရှည် တစ်ခုစီ ရှိလေသည်။ ထို့အတူ အပေါ်ထပ် ကြမ်းတစ်ဖက်တစ်ချက်တွင် ခုံးချွန်းတံခါးပေါက် ၆ခုစီနှင့် အမိုးမဲ့လေသာဆောင်တစ်ခုစီ ရှိလေသည်။ ထိုအပေါ်ထပ်သို့ ခန်းမဆောင်အတွင်းဘက်မှ တက်စရာ တံတောင်ဆစ်ချိုး လှေကားတစ်ခုလည်း ရှိလေသည်။ အတိုချုပ်ဆိုရလျှင် ထိုအဆောက်အအုံသည် ပွဲသဘင်ကျင်းပရန်နှင့် အစည်းအဝေးလုပ်ရန် အလွန် အခန့်သင့်ပါပေ၏။

mgyoe.com

ထို အဆောက်အအုံကို ဆောက်လုပ်ပြီးစီးသည့်နောက် ဂျူဗလီ(အနှစ်ငါးဆယ်ပြည့်) ဟော(ခန်းမဆောင်)ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် ခေါ်ဝေါ်သမုတ်ကာ မြို့နိုစီပါယ် အုပ်ချုပ်ရေးလက်အောက်သို့ လွှဲပြောင်းလိုက်ကြလေသည်[၇]။ ထို ဂျူဗလီဟောကို နောင်အခါ အုပ်ချုပ်ရေးဘက်ကလည်းကောင်း၊ အရပ်ဘက်ကလည်းကောင်း၊ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးကိစ္စ အဝဝအတွက် ငှားရမ်းသုံးစွဲခဲ့ကြလေသည်။ ထို့ကြောင့် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး မြင်ကွင်းတို့လည်း နှစ်ကာလ ကူးပြောင်းလာသည်နှင့်အမျှ တစ်ခုပြီးတစ်ခု အသစ်အသစ် ပေါ်ပေါက်လာလေသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ၂။ ဝိုင်အမ်ဘီအေ

ဤတွင် အုပ်ချုပ်ရေး အာဏာပိုင်များဘက်က သုံးစွဲပုံကို စ၍ ရေးရဦးတော့မည်။ သုံးစွဲလာပုံမှာလည်း ဝိတိုရိယဘုရင်မနှင့်ပင် ဆက်သွယ်နေလေသည်ဖြစ်၏[၆]။

၁၉၀၁ ခုနှစ်တွင် ဘုရင်မကြီး ကံကုန်၍ သားဖြစ်သူက သတ္တမမြောက် အက်ဒွက်ဘုရင် (Edward VII)ဘွဲ့ခံကာ ထီးနန်းအရိုက်ရာကို ဆက်ခံလေသည်။

ထိုကာလတွင် မြန်မာနိုင်ငံသည်လည်း အိန္ဒိယ အင်ပါယာအတွင်းရှိ (ဘင်္ဂလား၊ မဒရပ်ပြည်နယ်များ နည်းတူ) ပြည်နယ်အဆင့်ရရှိကာ၊ မင်းတိုင်ပင် ကောင်စီ (ဥပဒေပြုလွှတ်တော် Legislative Council )နှင့်တကွ ဒုတိယဘုရင်ခံ (Lieutenant Governor) က တာဝန်ခံ အုပ်ချုပ်နေလေပြီ။

ဒုတိယဘုရင်ခံ အမှူးရှိသော အာဏာပိုင်များသည်လည်း ဘုရင်မ ကံကုန်သည်ကို အကြောင်းပြု၍ အထိမ်းအမှတ်တစ်ခု လုပ်လိုလေသည်။အထိမ်းအမှတ်သည် အခြားမဟုတ်၊ ခြံနှင့်ဝင်းနှင့် တင့်တယ်သော တိရစ္ဆာန်ရုံသစ်တစ်ခု ဆောက်လုပ်ရေးပင် ဖြစ်တော့သည်။ လက်ရှိတိရစ္ဆာန်ရုံသည် ကော်မရှင်နာလမ်းခေါ် မဟာဝန်ရှင်တော်မင်းကြီးလမ်း (နောင်အခါ ဗိုလ်ချုပ်အောင်ဆန်းလမ်း) တွင် ရှိသည်ဖြစ်ရာ နေရာကျဉ်းမြောင်းလှပေသည်။ ယခုအချိန်တွင်ကား နေရာလည်း ကျယ်ကျယ်ပြန့်ပြန့်၊ မြို့တော်ရန်ကုန်နှင့်လည်း ထိုက်ထိုက်တန်တန်ဖြစ်သော တိရစ္ဆာန်ရုံ လိုအပ်နေပြီ။

ထို့ကြောင့် တိရစ္ဆာန်ရုံ ပုံသစ်ဖော်ရန်ဟူ၍ ၁၉၀၂ ခုနှစ် ဩဂုတ်လ ၈ ရက် သောကြာနေ့တွင် ဂျူဗလီဟော၌ အစည်းအဝေး ကျင်းပရလေသည်။ အစည်းအဝေး၌ ဒုတိယဘုရင်ခံဖြစ်သူ ဆာ(ဘွဲ့ခံ)ဖရက်ဒရစ်ဖရိုင်ယာ (Frederic William Richards Fryer) က သဘာပတိအဖြစ် ဆောင်ရွက်လေသည်။

mgyoe.com

mgyobe.com SAMPLE BOOK

တိရစ္ဆာန်ရုံသစ်နှင့် ဥယျာဉ်သစ် ရန်ပုံငွေလည်း နှစ်သိန်းကျော်အထိ ရလာခဲ့လေသည်။ ထိုရန်ပုံငွေကို အရင်းအမပြု၍ ကာလကတ္တားမြို့ရှိ တိရစ္ဆာန်ရုံ အရာရှိတစ်ဦးကို တာဝန်ပေး လုပ်ဆောင်စေလေတော့သည်။

လုပ်ဆောင်သည့်နေရာကား ကန်တော်ကလေးအရပ် ဒိုဘီကုလားများ အဝတ်လျှော်ရာ အိုင်နေရာများပေတည်း။ ထိုတစ်ဝိုက်တွင် ဧက ၄၀ကျော်နေရာ သတ်မှတ်ကာ မြေဖို့၊ ပန်းစိုက်၊ ခြံကာ၊ လှောင်ချိုင့်ထည့် စသည်ဖြင့် ပြုပြင်စီရင်ကြလေသည်။

ပြီးသောအခါ ကော်မရှင်နာလမ်းမှ တိရစ္ဆာန်ရုံဟောင်းကို နေရာသစ်သို့ ပြောင်းလေသည်။ အင်္ဂလိပ်ဘာသာဖြင့် Victoria Memorial Park 1904 ဟု အမည်သမုတ်လေသည်။ သို့ရာတွင် ဝေလမင်းသားအခေါ်ခံ အင်္ဂလိပ်အိမ်ရှေ့မင်းသား (နောင်အခါ ပဥ္စမမြောက် ဂျော့ဘုရင်)နှင့် အိမ်ရှေ့မိဖုရား မောင်နှံသည် ရန်ကုန်သို့ တိုင်းခန်းလှည့်လည်လာသည့်အချိန် ၁၉၀၆ခုနှစ် ဇန်နဝါရီလတွင်မှ အခမ်းအနားဖြင့် ဖွင့်လှစ်နိုင်ခဲ့လေသည်[၇]။

ထိုအခမ်းအနားနှင့် စပ်၍လည်း

> ဇန်နဝါရီလ ၁၃ရက်၊ စနေနေ့ မွန်းလွဲ ၄နာရီ အချိန်တွင် ဘုရင်မဘုရား အထိမ်းအမှတ် ဥယျာဉ်တော်သို့ ရောက်ရှိသော အရာရှိ လူပရိသတ်တို့ရှေ့တွင် ၎င်းဥယျာဉ်တော် ဖွင့်လှစ်ခြင်း အခမ်းအနားကို အိမ်ရှေ့မင်း မောင်တော် နှမတော်တို့ ဆောင်ရွက်တော်မူသည်နှင့် တစ်ပြိုင်နက် ငွေတိုက်မင်းကြီး ကတော် ဒေါ်မြမေ၊ သူဌေး ဦးရွှေဂို (အိုး?) ဝတ်လုံတော်ရ ရှေ့နေတို့အကြီး(အ?) မှူးပြု၍ ရန်ကုန်မြို့ပေါ်တွင် ဂုဏ်သရေရှိ မြန်မာလူမျိုး၊ လူကြီး လူကောင်းတို့၏ လှပကောင်းမွန်စွာ ဝတ်ဆင်သော သမီးမိန်းကလေးတို့၏ ဧည့်ခံပွဲကို ရှုစားတော်မူရန် အခြွေအရံ အရာရှိတို့ လိုက်ပါလျက် ဘုရင်ခံ မင်းမြတ်နှင့် အိမ်ရှေ့မင်း မောင်တော်နှမတော်တို့ ကြွလာတော်မူ၍ အတော်အခန့်ကြာအောင် ရှုစားချီးမွမ်း ထောမနာပြုသော စကားများကို မိန့်ဆိုတော်မူပြီးလျှင် ၎င်းမဏ္ဍာပ်မှ ထွက်ကြွသွားတော် မူလေသည်။

ဟူ၍ အစိုးရဘာက်သား မြန်မာအဆွေ သတင်းစာက ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသားခဲ့လေသည်[၈]။

ထပ်၍ ဆိုရပေဦးမည်။ ဂျူဗလီဟောကို အစိုးရပိုင်းက သုံးစွဲလာပုံ၊ဒုတိယသာဓက တစ်ခုမှာမူ လက်မှုပညာပြပွဲပင် ဖြစ်လေသည်။ ထိုစဉ်ကာလက

mgyobe.com

mgyoe.com SAMPLE BOOK

လက်မှုပညာပြပွဲကို ဦးစီးပြသသော ဌာနတစ်ခုရှိခဲ့လေသည်။ ထိုဌာနကို လက်မှုပညာဌာန (Art Department) ဟု ခေါ်၍ ပြည်နယ်လက်မှုပညာ အရာရှိ (Provincial Art Officer) က အုပ်ချုပ်လေသည်။ ထိုဌာနကိုလည်း လယ်ယာစိုက်ပျိုးရေးဌာန (Agricultural Department)၊ သမဝါယမဌာန၊ (Co-operative Credit Societies Department)တို့နှင့်ပူးတွဲ၍ ကလေတန် (Harold Clayton?) ကဲ့သို့ မင်းကြီးတစ်ဦးတည်းက အုပ်ချုပ်လေသည်[၉]။

ထိုဌာနသည် ဆောင်းအကုန် နွေအကူး အခါရာသီတွင် ဂျူဗလီဟောခွဲ၌ သစ်၊ ဝါး၊ ဆင်စွယ်၊ ပန်းပု၊ ပန်းချီ လုပ်ငန်းကို အားပေးသည့်သဘောဖြင့် ပြပွဲ ပြုလုပ်တတ်လေသည်။ လက်ရာကောင်းများကိုလည်း အပြိုင်စနစ်ဖြင့် ရွေးချယ်၍ ငွေကြေးဆုပေးတတ်၊ ရွှေရေးလက်မှတ် ချီးမြှင့်တတ်လေသည်[၁၀]။ (ထိုပြိုင်ပွဲမျိုးကို ပန်းချီဆရာ ဦးဘဉာဏ်၊ ဦးဘဇော်၊ ဂျီလှမောင်၊ စသူတို့ကလည်း ငယ်စဉ်က ဝင်ရောက်ပြိုင်ဆိုင်ခဲ့ကြဖူးလေသည်) တစ်ခု သိမှတ်ထားရန်မှာ လက်မှုပညာပြပွဲတွင် ဗဟုသုတ ရရန်ဟူ၍ ဟောပြောပွဲများလည်း ပါတတ်ခြင်းဖြစ်လေသည်။ အချို့နှစ် ပြပွဲများတွင် မှော်ဘီ ဆရာသိန်း ခေါ် မှော်ဘီမြို့နေ မြန်မာပညာရှိ ပုဂ္ဂိုလ်မျိုးက "ရာဇဝင်တို့မှ နှိုင်းရှည့်ရန် ထုတ်နုတ်ဖော်ပြချက်"ဟူ၍ ရှင်စောပုနှင့် ဓမ္မစေတီတို့အကြောင်းကို ဇာတ်သဘင်သည်တို့က လုပ်ဇာတ်ခင်းပုံ၊ နန်းမတော်မယ်နုအကြောင်းကို အရမ်းကာရော ပြောပုံ စသည်ဖြင့် ဟောပြောတတ်လေသည်[၁၁]။

ဤတွင် ပြပွဲသဘောကို ပြပွဲသို့ ရောက်ခဲ့သူ၏ ကိုယ်တွေ့မှတ်တမ်းဖြင့် ထပ်မံတင်ပြရလိမ့်ဦးမည်။ ကိုယ်တွေ့ကြုံခဲ့သူမှာ ၁၉၁၂ခုနှစ်က မန္တလေးရှိ လယ်ယာစိုက်ပျိုးရေးဌာန၌ တောလိုက်စာရေးလုပ်နေသော မောင်ဖေသိန်းဆိုသူဖြစ်၍ နောင်အခါ ဝတ္ထုရေးဆရာ ရွှေဥဒေါင်း ကလောင်အမည်ဖြင့် ကျော်ကြားလာမည့်သူပင်တည်း။ သူသည် သူ့မင်းကြီးနှင့်အတူ ရန်ကုန်သို့ဆင်းလာပြီးလျှင် ပြပွဲကို ကိုယ်တိုင်ပါဝင် စီမံပေးခဲ့ရလေသည်။ သူ၏ ကိုယ်တွေ့မှတ်တမ်းမှ ကောက်နုတ်ချက်ကား အောက်ပါအတိုင်းပင်–

> ပြပွဲဖွင့်သောနေ့၌ လာလိုက်ကြသည့် အရာရှိကြီးတွေ၊ မျက်နှာဖြူ ကုမ္ပဏီ သူဌေးကြီးတွေ၊ အချို့လည်းထီးထီး၊ အများအားဖြင့် စုံတွဲ စသည်ဖြင့်၊ ဟောလ်ကြီးတစ်ခုလုံး ပြည့်သွား၏။ ထိုစဉ်က ကျွန်ုပ်မှာ အင်္ဂလိပ်ဝတ္ထုများ အတော်အတန် ဖတ်ဖူးပြီဖြစ်သော်လည်း သောမတ်ပိန်း၏ လူ့အခွင့်အရေး (Rights of Man) ခေါ် မျက်စိဖွင့်ပေးသည့် စာအုပ်ကောင်းကြီးမျိုးကို မဖတ်ရဖူးသေးသည်

mgyoe.com

mgyoe.com

ဖြစ်သောကြောင့် အင်္ဂလိပ်လူမျိုးကို အလုံးစုံကြည်ညိုရှ၍ အိုင်စီအက်စ် အရာရှိကြီးတွေကို တစ်စုတစ်ဝေးတည်း မြင်ရသော ဤပြပွဲတွင် ၎င်းတို့အားလုံးကို အလွန်ညွတ်သောစိတ် ဖြစ်ပေါ်လျက်ရှိ၏။ တယ်ကြီးကျယ်ပါပေတကား။ အင်မတန် လူ့အဖိုးတန်ကြီးတွေထဲမှာ ငါရောက်နေရချေသည်တကား အစရှိသော စိတ်ကူးများ ဖြစ်ပေါ်လျက်ရှိ၏။ ထိုအထဲတွင် မင်းကြီးကတော် ဒေါ်မြမေ (Mrs. Hla Oung)ကလည်း လက်ရွေးစင် အပျိုချောတစ်သိုက်နှင့် ဂျူဗလီဟော ဝင်းကြီးထဲတွင် မိုးကာတဲကြီး တည်ဆောက်လျက် ဗိုလ်ကြီးများအား လက်ဖက်ရည် ရောင်းလျက်ရှိရာ (ကျောင်းအလှူငွေ အတွက် ဖြစ်သည်) အဝတ်အစားဆင်တူဖြင့် စတိုင်ကျကျ ဝတ်ဆင်ထားသည့် ၎င်း အပျိုချောများက ဗိုလ်ကြီးနှင့် ဗိုလ်မကြီးများသို့ ချဉ်းကပ်ကာ အင်္ဂလိပ်လို တရွတ်ရွတ်ပြောလျက် မိုးကာတဲသို့ တွဲထုတ်သွားကြခြင်းများသည်လည်း ကျွန်ုပ်၏မျက်စိ၌ အလွန်ခန့်ထည်၍ ကြည့်ကောင်းလှသည်။ ဗမာမိန်းမတွေ အင်္ဂလိပ်လို လည်လည်ပတ်ပတ် ပြောတတ်ခြင်းကို မတွေ့ရဖူးသေးသည့်ကျွန်ုပ် (မန္တလေးတောသားတစ်ယောက်)အဖို့ အလွန်ကြီးကျယ်သည် ထင်၍ တအံ့တသြ ဖြစ်မိပါတော့သည်[၁၂]။

စကားချပ်စရာ ရှိလေသေးသည်။ မြန်မာအဆွေ သတင်းစာနှင့် ရွှေဥဒေါင်း၏စာတွင် (ငွေတိုက်)မင်းကြီးကတော် ဒေါ်မြမေဟူ၍ ညွှန်းထားပါလေသည်။

ညွှန်းထားရခြင်းမှာလည်း ထိုခေတ်၌ ဘုရင်ခံရာထူးအပြင် အတွင်းဝန်များ၊မင်းကြီးများ၊အရေးပိုင်များစသော ရာထူးကြီးများကို အိုင်စီအက် (Indian Civil Service) ဝန်ထမ်း၊ အိုင်အေ (India Army)ဝန်ထမ်း အင်္ဂလိပ်အများစုက ဆုပ်ကိုင်ထားကြ၍ နယ်ပိုင်ဝန်ထောက်၊ မြို့အုပ်စသော အလတ်တန်းနှင့် အောက်တန်းရာထူးများကိုသာ လက်အောက်ခံ မြန်မာတိုင်းရင်းသားနှင့် (မြန်မာနိုင်ငံနေ ကုလား၊ တရုတ်စသည်)တို့က ရယူနိုင်သည့် သဘောရှိလေသည်။ သို့ရာတွင် ဒေါ်မြမေ၏ခင်ပွန်း ရခိုင်အမျိုးသား ဦးလှအောင်မှာမူ အထက်တန်းရာထူး ရရှိခဲ့သော လူနည်းစုတွင် ပါဝင်ခဲ့လေသည်။

သူသည် (F.S.A.A., F.S.S. and F.I. Inst.) ငွေစာရင်းဆိုင်ရာ ဘွဲ့ထူးများ ရရှိကာ အိန္ဒိယ အနယ်နယ်အရပ်ရပ်၌ ရွှေ့ပြောင်းအမှုထမ်းပြီးနောက် (၁၉၁၁ခုနှစ်အထိ မြို့တော်ဖြစ်ခဲ့သောကာလကတ္တား၌) ငွေတိုက်မင်းကြီး (Controller of the Indian Treasuries) ရာထူးသို့ နောက်ဆုံးတိုးမြှင့် ခန့်ထားခံရသူ ဖြစ်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဖန် ဒေါ်မြမေကိုယ်တိုင်က (မြန်မာမင်း အမှုထမ်းခဲ့၍ နောင်အခါ အင်္ဂလိပ်မင်း အမှုထမ်းခဲ့သော) စစ်ကဲမောင်ထော်လေး၏ သမီးဖြစ်ပြန်လေသည်။ ထို့ပြင် ဒေါ်မြမေသည် ခင်ပွန်းဖြစ်သူနှင့်အတူ ဘိလပ်–အင်္ဂလန်သို့ ရောက်ခဲ့စဉ်က ဝိတိုရိယဘုရင်မ၏ ရှေ့မှောက်သို့ ဝင်ခွင့်ရခဲ့ဖူးလေသည်[၁၃]။ သို့ဖြစ်လေရာ ဒေါ်မြမေသည် ခင်ပွန်းဆုံးပြီးနောက် ရန်ကုန်ဘုရားလမ်း အမှတ် ၁ နေအိမ်၌ ပြန်လည်နေထိုင်သည့်အခါ သခင်၊ သခင်မ အခေါ်ခံ မင်းပိုင်း၊ စိုးပိုင်း ကတော် မယားပိုင်းတွင် အလွန်အရိုန်ကြီးမား အလွန်ဝင်ဆံ့နေလေသည်။

စပ်မိ၍ဆိုရလျှင် ဦးလှအောင်၊ ဒေါ်မြမေတို့ကဲ့သို့ ကာလကတ္တား ရန်ကုန်စသည့် မင်းပိုင်းစိုးပိုင်း ကတော်မယားပိုင်းတွင် ဝင်ဆံ့သူများမှာ လက်တစ်ဆုပ်စာမျှသာ ရှိလေသည်။

ဝင်ဆံ့နိုင်သည့် အကြောင်းတစ်ရပ်မှာလည်း သူတို့လုပ်ဆောင်သမျှသည် အင်္ဂလိပ်အစိုးရအလိုနှင့် မဆန့်ကျင်၊ အင်္ဂလိပ်အစိုးရကို အကျိုးပြုနေသောကြောင့်သာ ဖြစ်လေသည်။ အရာရာသည် အင်္ဂလိပ် အအုပ်အချုပ် ချောမောရေးကို ဦးတည်လျက် ရှိလေသည်။

ဒုတိယဘုရင်ခံ၏ မင်းတိုင်ပင်ကောင်စီ(ဥပဒေပြုလွှတ်တော်)ကို ကြည့်ပါလေ။ ကောင်စီဝင် ပုဂ္ဂိုလ်တို့မှာ ပြည်သူ့မဲဖြင့် အရွေးကောက်ခံ၍ ကောင်စီသို့ တက်ရောက်လာကြသူများ မဟုတ်။ဘုရင်ခံခန့် မင်းတိုင်ပင် မှူးမတ်(အမတ်)များသာ ဖြစ်ကြသည်။

ထို့အတူ ဗဟို၊ ခရိုင်၊ စီရင်စု၊ မြို့နယ်၊ ကျေးရွာဟူ၍ ဆင့်ကဲဆင့်ကဲ အုပ်ချုပ်ရေးတွင် အတွင်းဝန်၊ ခရိုင်ဝန်ရှင်တော်မင်းကြီး၊ အရေးပိုင်၊ မြို့အုပ်၊ ရွာသူကြီးဟူ၍ (ပြည်သူ့ဆန္ဒ ကိုယ်စားမပြုဘဲ) အရာရှိ ဗျူရိုကရေစီ စနစ်ဖြင့်သာ ဦးစီးနေခဲ့လေသည်။

သူတို့၏ဦးတည်ချက်မှာ နိုင်ငံငြိမ်ဝပ်ပိပြားရေးနှင့် အခွန်အတုတ် ရရှိရေးပင် ဖြစ်လေသည်။

ထိုအချိန်အခါတွင် ပြည်သူအများအဖို့ နိုင်ငံရေးအခွင့်အာဏာဟူ၍ လုံးဝမရှိ။ အထက်ပိုင်းကိုမဆိုထားနှင့် အစိုးရခန့် ကျေးရွာသူကြီးက သူ့စိတ်အလိုနှင့် မတွေ့သူကို ၂၄ နာရီ ထိပ်တုံးခတ်၍ အပြစ်ဒဏ်ပေးသည်ကို ဝင်မတားနိုင် မစွက်နိုင်သော အခြေအနေသို့ ရောက်နေခဲ့လေသည်။ နားမျက်စိပွင့်မည်စိုး၍ အချို့သော သတင်းစာ မဂ္ဂဇင်းများကို ကျောင်းသား မဖတ်ရဟူသော ပညာရေးဌာန ပညတ်ချက်မျိုးကို သည်းညည်းခံနေခဲ့ရသည်။ ဤသည် တိုင်းတစ်ပါး လက်အောက်ရောက်ခဲ့၍ ကြုံရသော အခြေအနေပင် ဖြစ်တော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ရာတွင် မြန်မာတို့သည်ရေးပဝေသဏီကပင်ကိုယ့်ထီးကိုယ့်နန်း ကိုယ့်စာပေ၊ ကိုယ့်အစဉ်အလာဖြင့် ခိုင်ခိုင်ခံ့ခံ့ ရပ်တည်ခဲ့ကြသည် မဟုတ်ပေလော။ နိုင်ငံရေးကို တိုက်ရိုက်မစွက်ဖက်နိုင်၊ မလုပ်နိုင်ဆိုစေဦး လုပ်သင့်သမျှကိုကား လူမှုရေးအသွင်ပုံသဏ္ဍာန်ဖြင့် လုပ်ဆောင်နိုင်အောင် ကြိုးစားလာကြရတော့သည်။

ဤအတွက် သာဓကအချို့ကိုပြရလျှင် ပို၍ထင်ရှားစရာ ရှိပေသည်။

အင်္ဂလိပ်လက်အောက်ခံ မြန်မာနိုင်ငံတွင် အခြား သာသနာပြုကျောင်းများသည် အစိုးရအထောက်အပံ့ တစ်စိတ်တစ်ဒေသဖြင့် ထွန်းကားနေ၏။ ထိုအခါ မြန်မာဝံသာနု မျိုးချစ်များကလည်း မြန်မာဗုဒ္ဓဘာသာဝင် ကလေးများအတွက် မော်လမြိုင်တွင် ရှင်မဟာဗုဒ္ဓဃောသကျောင်းမျိုး၊ မန္တလေးတွင် ဗုဒ္ဓသာသနနုဂ္ဂဟကျောင်းမျိုး မဖြစ်ဖြစ်အောင် ထူထောင်ကြရသည်။

အစိုးရက အရက်ဘိန်းလိုင်စင်ပေးနေ၏။ ထိုအခါ ဗုဒ္ဓဘာသာဝင်များအဖို့ အရက်သေစာ ရှောင်ကြဉ်စေရန်ဟူ၍ သုစရိတ ယုဝအသင်းမျိုး ပျိုးထောင်ကြရသည်။

အင်္ဂလိပ်တို့ ကုန်သည်ပိုင်းက ဘီအိုစီ ရေနံကုမ္ပဏီ(Burmah Oil Company Ltd.)၊ ဘုံဘေဘားမား သစ်ကုမ္ပဏီ(Bombay Burmah Trading Corporation)၊ စတီးဘရားသား စပါးကုမ္ပဏီ(Steel Brothers & Co., Ltd.) စသည် ထူထောင်ကာ ရေနံ၊ သစ်၊ စပါးတို့ကို ပြည်ပသို့ ချုပ်ကိုင်ရောင်းချ၍ အင်္ဂလိပ်လက်ဝေခံ ကုလား၊ တရုတ်တို့ကမူကား ပြည်တွင်း ကုန်ကြီးကုန်သေးများကို တွင်တွင်ကြီး လုပ်ကိုင်နေ၏။ ထိုအခါ မြန်မာများအဖို့ အရင်းအနှီး လွယ်ကူရလေအောင် သမဝါယမ ငွေစုငွေချေးအသင်းများ ဖွဲ့ကြရသည်။

မြန်မာ့တိုင်းကျိုး သတင်းစာ၊ မြန်မာအဆွေ သတင်းစာတို့က အစိုးရအလိုကျ ဝါဒဖြန့်နေ၏။ ထိုအခါ မြန်မာ့ဆန္ဒ၊ မြန်မာ့အကျိုး သယ်ပိုးနိုင်အောင်၊ မြန်မာ့အလင်းသတင်းစာ၊ သူရိယ သတင်းစာ၊ သူရိယမဂ္ဂဇင်း စသည်တို့ကို ဖြန့်ချိကြရသည်။

ဤတွင် သူရိယသတင်းစာ၊ ထို့နောက် သူရိယမဂ္ဂဇင်းကို ထူထောင်ခဲ့သော ဦးဘဘေသည် ကျောင်းနေဖက်သူငယ်ချင်း တစ်စုနှင့်တွဲ၍ အသင်းတစ်သင်းကို ထူထောင်ခဲ့ဖူးပါ၏။ အခါကား ၁၉၀၆ ခုနှစ် နွေရာသီ စာမေးပွဲမတိုင်မီ စာကျက်ရက် (Private Study) များအတွင်း ဖြစ်လေသည်။

တစ်မနက်တွင် ရန်ကုန်ကောလိပ်ကျောင်းသား ကိုဘဘေ၊ ကိုမောင်ကြီး၊ ကိုဘရင်တို့သည် ကိုဘဘေနေထိုင်ရာ ရန်ကုန်အရှေ့ပိုင်း၊ ကရိလမ်းနေအိမ်မှ ဒါလဟိုဇီလမ်း (နောင်အခါ မဟာဗန္ဓုလလမ်း)အတိုင်း လျှောက်လာကြလေ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ဂျူဒါ့အိစကယ်လမ်း (နောင်အခါ သိမ်ဖြူလမ်း) အနီးရောက်သော် ဝိုင်အမ်စီအေ (Young Men's Christian Association) ခေါ် ခရစ်ယာန်လူငယ်များအသင်းတိုက် ခံ့ခံ့ထည်ထည်ကြီးကို သတိပြုမိလိုက်ကြသည်။ တစ်ဖန်ထိုအသင်းတိုက်တွင် လူစုလူဝေးနှင့် လူမှုရေး သာသနာရေး လုပ်ငန်းတွေ အမြဲမပြတ် လုပ်ကိုင်လှုပ်ရှားနေသည့်အဖြစ်ကို မြင်မိတွေးမိကြပြန်သည်။ ထိုအခါ မိမိတို့ ဗုဒ္ဓဘာသာဝင် လူငယ်များအဖို့ အမျိုးဘာသာ သာသနာပညာရေးလုပ်ရန် အသင်းလိုပါကလားဟူ၍ အသိဉာဏ်ပေါက်၊ အချင်းချင်းတိုင်ပင်၊ ကောလိပ်ကျောင်းသားများနှင့် အရပ်သား လူငယ်များကို နှိုးဆော်စည်းရုံးပြီးလျှင် ဝိုင်အမ်ဘီအေ (Young Men's Buddhist Association) ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းကို ထူထောင်ခဲ့ရလေသည်[၁၄]။

ဝိုင်အမ်ဘီအေ၏ လုပ်ငန်းသည်လည်း နှစ်အနည်းငယ်အတွင်း ကျယ်ပြန့်လာခဲ့လေသည်။ ရန်ကုန်မြို့တွင် သာမက အမြို့မြို့အရွာရွာတွင်လည်း တိုးပွားလာလေသည်။ လူလတ်တန်းစား အရပ်သားများရော၊ အစိုးရ အမှုထမ်းများပါ အသင်းသားအဖြစ် ပါဝင်ဆောင်ရွက်လာလေသည်။

ပမာအားဖြင့် ဦးဘိုးသာ၊ဦးဘိုးအောင်တို့ကဲ့သို့ကုန်သည်ပွဲစားများ၊ ဦးအေး၊ ဦးဘတူ၊ ဦးမှန်းတို့ကဲ့သို့ အငြိမ်းစား အရာရှိများ၊ ဦးရွှေဇံအောင်၊ ဦးဘိုးဖြူတို့ကဲ့သို့ လက်ရှိအစိုးရဝန်ထမ်းများ၊ ဦးပု၊ ဦးသိမ်းမောင်၊ ဦးခင်၊ ဦးသင်း၊ ဦးဘဒွန်းနှင့် (ငွေတိုက်မင်းကြီး ဦးလှအောင်၏တူတော်သူ) ဦးမေအောင်တို့ကဲ့သို့ အင်္ဂလန်ပြန် ဝတ်လုံတော်ရများ စသည်ဖြင့် ဖြစ်လေသည်။

ဝိုင်အမ်ဘီအေအသင်း အမှုဆောင်များသည် နယ်အနှံ့ထွက်၍ တရားဟော၏။ ရန်ကုန်၊ မန္တလေး၊ ဟင်္သာတ၊ ပျဉ်းမနား၊ မော်လမြိုင် စသည်ဖြင့် တစ်မြို့ပြီးတစ်မြို့ ပြောင်း၍ အမျိုးသား ဒေါင်းအလံများလွှင့်၍၊ မဏ္ဍပ်ကြီးများထိုး၍ နှစ်စဉ် ပြည်လုံးကျွတ်အစည်းအဝေးများ ကျင်းပဆွေးနွေး၏။

ဆွေးနွေးသည့်အခါတွင်ကား အင်္ဂလိပ် လက်အောက်ခံဖြစ်သည့်အားလျော်စွာ (အက်ဒွက်ဘုရင်နောက် ထီးနန်းဆက်ခံသော)ပဉ္စမဂျော့ဂ် ဂျော့ဘုရင်နှင့် မေရီမိဖုရားတို့ အသက်ရာကျော် ရှည်စေကြောင်း ဆုတောင်းမေတ္တာပို့၍ အလုပ်စရပေ၏။

သို့ရာတွင် သူတို့၏ လုပ်ငန်းဆောင်တာများတွင် ယောလုံချည်နှင့်ပင်နီ အင်္ကျီကဲ့သို့ တိုင်းရင်းဖြစ် အဝတ်အစားကို အားပေးရန် စသော အစီအစဉ်ကောင်းများပါ ပါလေသည်။

အလှူအတန်းများတွင် စိန်၊ရွှေ လက်ဝတ်လက်စားတို့ဖြင့် ဝင့်ဝါ ပကာသန မပြုရန်နှင့် ဘုရားပွဲ စသည်၊ ဘုန်းကြီးပျံစသည်များတွင် ငွေအများအပြား မသုံးဖြုန်းရန် နှိုးဆော်ချက်မျိုးပါ ပါလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ဖန် ကဆုန်လပြည့်မျိုးကို ရုံးပိတ်ရက် လုပ်ပေးရန် လက်မှုပညာသင် ကျောင်းများ ဖွင့်ပေးရန်၊ နိုင်ငံခြားသားများနှင့် အိမ်ထောင်ပြုသော မြန်မာအမျိုးသမီးများကို ဗုဒ္ဓဘာသာ ဓမ္မသတ်နှင့်အညီ တရားဝင်မယားအဖြစ် ဥပဒေ ပြဋ္ဌာန်းပေးရန် သူတို့က အစိုးရအား တိုက်တွန်း၏။

ထို့ပြင် ပညာရေးဌာနက ကျောင်းသားများကို စာသင်ခန်းထဲတွင် မြန်မာ ညှပ်ဖိနပ် စီးခွင့်မပြုခြင်းမျိုးကိုလည်းကောင်း၊ မီးရထားဌာနက မီးရထားတွဲများတွင် ဥရောပတိုက်သားများသာဟူ၍ တွဲ သတ်သတ်မှတ်မှတ် ခွဲထားခြင်း မျိုးကိုလည်းကောင်း သူတို့က အစိုးရအား ကန့်ကွက်၏။

ဤသည် လူမှုရေးကိစ္စများပင်တည်း။ သို့ရာတွင် လူမှုရေးဆိုသည်မှာ နိုင်ငံရေးနှင့် တသီးတသန့် ကြာရှည်ခွဲထား၍ မဖြစ်ကောင်း၊ လူမှုရေးနှင့်နိုင်ငံရေးသည် တစ်ဖက်နှင့်တစ်ဖက် ရောထွေးယှက်တင် ဖြစ်တတ်လေသည်။ လူမှုရေးလုပ်ရာမှ အကြောင်းအားလျော်စွာ နိုင်ငံရေးနယ်သို့ ရောက်လာတတ်လေသည်။

ဖြစ်ပုံမှာ ၁၉၁၇ခုနှစ် ဩဂုတ်လထဲတွင် အင်္ဂလိပ် ပါလီမန် (ဥပဒေပြုလွှတ်တော်)၌ (မြန်မာတို့က အတွင်းဝန်ကြီးဟု အခေါ်များသော) အိန္ဒိယရေးရာ ဝန်ကြီး (Secretary of State for India) ဖြစ်သူ မွန်တေဂူ (Edwin Montagu) သည် လက်အောက်ခံ နိုင်ငံများကို တစ်စတစ်စ တိုးတက်သော အုပ်ချုပ်ရေးပေးအပ်မည်ဟု ကြေညာလိုက်လေသည်။

ထိုကြေညာချက်တွင် နောက်ကြောင်းရှိပေ၏။ အင်္ဂလိပ်လက်အောက်ခံ အိုင်ယာလန်ကျွန်းတောင်ပိုင်း ဆင်ဖိန်း Sinn Fein (ငါတို့သာ) အဖွဲ့သားတို့သည် ဟုမ္မရူး (Home Rule) ခေါ် (ဗြိတိသျှ–အင်္ဂလိပ် အင်ပါယာအတွင်း) ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် ဆူပူနေကြသည်။ တစ်ဖန် အိန္ဒိယနိုင်ငံ၌လည်း လောကမညထိလပ် (Lokamanya Tilak) စသော မျိုးချစ်တို့သည် ဟုမ္မရူးလိဂ် အဖွဲ့ (Home Rule League) နှင့် ကွန်ဂရက်ပါတီ(Congress Party) စင်မြင့်မှ နေ၍ ကိုယ်ပိုင်အုပ်ချုပ်ရေး (သရာဇ)ရဖို့ ကြွေးကြော်လှုံ့ဆော်လျက်ရှိသည်။

သူတို့ ဆူပူလှုံ့ဆော်နေသောအခါသည် ခေတ်ကာလ အေးချမ်းနေချိန် ဆိုလျှင် အင်္ဂလိပ်အစိုးရအဖို့ အပန်းမကြီးလှ။ အင်္ဂလိပ်အစိုးရမှာ လက်နက် အင်အား အပြည့်အစုံရှိလေသည်။ ယခု မွန်တေဂူ ကြေညာချိန်မှာမူကား အင်္ဂလန် နှင့် မဟာမိတ်များကတစ်ဖက်၊ ဂျာမနီနှင့် မဟာမိတ်များက တစ်ဖက် စစ်ဖြစ် နေသည့်အချိန်အခါ ဖြစ်လေသည်။ စစ်ပွဲတွင် ဂျာမန်က အင်္ဂလိပ်ကို နိုင်လိုက် သည်ဆိုလျှင် လက်အောက်ခံ တိုင်းသူပြည်သားအများက ဝမ်းသာနေသော အချိန်အခါ ဖြစ်လေသည်။

mgyoe.com

ထို့ကြောင့် အင်္ဂလိပ်၏ စစ်အင်အားတစ်ခုလုံးသည် စစ်အောင်နိုင်ရေးကိုသာ ဦးတည်နေလေသည်။ စစ်စရိတ် လုံလောက်ရေးအတွက် မိမိနယ်နိမိတ်ကို ကျော်လွန်၍ လက်အောက်ခံ ကိုလိုနီနိုင်ငံများမှပင် ကောက်ခံခဲ့သည်မဟုတ်ပေလော။ မှန်လှ၏။ စစ်ဖြစ်စက ဂျူဗလီဟောဩ အင်္ဂလိပ်အာဏာပိုင်များက ကြီးမှူးကာ မန္တလေးမှ နာမည်ကြီး ဆိုင်းဆရာ စိန်ဗေဒါ၏ ဆိုင်းအဖွဲ့နှင့် ဇာတ်တွဲ၍ စစ်ရန်ပုံငွေ အလှူပွဲ သွင်းခဲ့ဖူးလေသည်[၁၅]။ ထို့ပြင် ပွဲစားကြီး ဦးဘိုးသာသည် အင်္ဂလိပ်စစ်အောင်နိုင်ရေးအတွက် ကိုယ်တိုင်ငွေကြေးများစွာ ကူပံ့သည့်အပြင် အခြားသူများထံမှလည်း ဟောပြော အလှူခံခဲ့လေသည်[၁၆]။

ဤသို့အားဖြင့် အင်္ဂလိပ်သည် အသက်နှင့်ရင်း၍ ငွေကြေးအမြောက်အမြားသုံး၍ စစ်အောင်နိုင်ရေးကို လုံးပန်းနေရခိုက်တွင် လက်အောက်ခံ နိုင်ငံများက အနှောင့်အယှက် အဖျက်အဆီးမလုပ်ဖို့ အရေးကြီးလေသည်။ လက်အောက်ခံနိုင်ငံများ ကျေနပ်အောင် ချွေးသိပ်ရမည် ဖြစ်လေသည်။

ပါလီမန်၌ ကြေညာချက်ထုတ်၍ မကြာမြင့်မီ မွန်တေဂူသည် အိန္ဒိယသို့ ကိုယ်တိုင်လာရောက်လေတော့သည်။ အိန္ဒိယဘုရင်ခံချုပ်ဖြစ်သူ လတ်မင်းကြီး ချမ်းစဖို့ (Lord Chelmsford)နှင့်အတူ အိန္ဒိယ အရပ်လေးမျက်နှာ လှည့်လည်ကာ ပြည်သူ့ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ လိုလားချက်ကို စုံစမ်းလေသည်။ သို့ရာတွင် မွန်တေဂူသည် မြန်မာ့ဒေသဘက်သို့ မလှည့်ခဲ့။

ထိုအခါ ဝိုင်အမ်ဘီအေ အဖို့ အထူးသဖြင့် ဝိုင်အမ်ဘီအေ လူငယ်ပိုင်း အဖို့ နိုင်ငံရေးအခွင့်အခါယူရန် အကြောင်းဖြစ်လာခဲ့လေသည်။ ဝိုင်အမ်ဘီအေတွင် ရင်ဖွင့်စရာတွေ တစ်ပုံကြီးရှိသည်။ မြန်မာနိုင်ငံကို အိန္ဒိယအင်ပါယာထဲမှ ခွဲထုတ်နိုင်မှ၊

- အိန္ဒိယ ဗဟိုအစိုးရ၏ ချုပ်ချယ်နေမှု
- စီးပွားရေးတွင် ကုလားတွေ အုပ်စီးနေမှု
- ရန်ကုန်ကောလိပ်၊ ဂျပ်ဆင်ကောလိပ်တို့ကို ကာလကတ္တား ယူနီဗာစီတီ (တက္ကသိုလ်)၏ လက်အောက်ခံ လုပ်ထားမှုတို့မှ လွတ်ကင်းနိုင်မည်ဟု ဝိုင်အမ်ဘီအေ လူငယ်ပိုင်းက ယုံကြည်လေသည်။

တစ်ဖန် လက်ရှိ မင်းတိုင်ပင်ကောင်စီမှာ ဒုတိယဘုရင်ခံ၏ ကြိုးဆွဲရာကရသော ရုပ်သေးကောင်စီသာ ဖြစ်နေသည် မဟုတ်ပေလော။ တကယ်ဆိုလျှင် ထိုကောင်စီတွင် ပြည်သူများက ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ် အမတ် ငါးပုံ သုံးပုံ ပါသင့်လေသည်။ ထိုအမတ်များမှတစ်ဆင့် ဘုရင်ခံ၏

mgyoe.com

mgyoe.com
 SAMPLE BOOK 

အမှုဆောင်ကောင်စီဝင် ဝန်ကြီးအဖြစ် ထက်ဝက် ရွေးကောက် တင်မြှောက်စေရမည်ဖြစ်သည်။

ထိုပြဿနာများကို မွန်တေဂူထံ သွားရောက်တင်ပြရန်ဟူ၍ ဝိုင်အမ်ဘီအေသည် ပီစီဒီ ဥက္ကဋ္ဌဖြစ်သူ အငြိမ်းစား ဝန်ထောက် ဦးဘောနှင့်တကွ ဝတ်လုံ ဦးမေအောင်၊ ဝတ်လုံ ဦးပု၊ မန္တလေးမှ ဝတ်လုံ ဦးစု၊ သူရိယသတင်းစာတိုက်မှ ဦးဘဘေတို့ကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်လေသည်။ အလားတူပင် ကုန်သည်ကြီးများအသင်းနှင့် အထက်မြန်မာနိုင်ငံ သမဝါယမအသင်းတို့ကလည်း ပွဲစားကြီး ဦးဘိုးသာ အပါအဝင် ပုဂ္ဂိုလ်လေးဦးတို့ကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်ပြန်လေသည်။

ဤတွင် ကာလကတ္တားသို့ ကိုယ်စားလှယ်များ မထွက်ခွာမီ ထိုက်ထိုက်တန်တန် ဂုဏ်ပြုသိဒ္ဓိတင်ရန် လိုအပ်လေသည်။ ဂုဏ်ပြုရန်နေရာကား အဘယ်မှာနည်း။ ထိုနေရာကား ဂျူဗလီဟောကဲ့သို့ ကျယ်ဝန်းသိုက်မြိုက်သော နေရာသာ ဖြစ်သင့်ပေသည်။ ရှေးအခါက ဂျူဗလီဟောသည်–

ဂျူဗလီပွဲထိုင်သွားမှဖြင့်
အငှားဝတ်ဆင်ကြတဲ့ စိန်တွေက တထိန်ထိန်တောက်ပြီး
သူတို့က သာလို့ပဲ မောက်ကြသေးတယ်
တကယ့် ဂုဏ်ရှိတဲ့ သားသမီးရယ်လို့ ခွဲခြားလို့ မရနိုင်တော့ပါဘူး
ဓာတ်မသိတဲ့လူများမြင်တော့
စိန်ပိုင်ရှင်တွေကို ယောင်ယောင်ပေါင်ပေါင် ထင်မှားပြီး
စိန်ငှားသမားတွေနဲ့ တစ်တန်းတည်း ထားလိုက်ကြတယ်

ဟူ၍ (အရပ်ဘက်) မြန်မာအချင်းချင်း ဂုဏ်တုဂုဏ်ပြိုင် ပြောဆိုပြုမူကြရလောက်အောင် ရှင်ပြုနားသ မင်္ဂလာပွဲများ၊ လက်ထပ်ပွဲများ တခမ်းတနားကျင်းပရာ နေရာသာ ဖြစ်ခဲ့ပေသည်[၁၇]။ ယခုမူ မြန်မာ့အမျိုးသားရေးအတွက် သင့်မြတ်လျော်ကန်စွာ ပွဲကြီး ဆင်ယင်ရပေတော့မည်။ ထို့ကြောင့် ၁၉၁၇ခု၊ နိုဝင်ဘာလ ၂ရက် အင်္ဂါနေ့ညချမ်း အချိန်အခါတွင် ဂျူဗလီဟော၌ ရန်ကုန်မြို့ပေါ်ရှိ ဗုဒ္ဓဘာသာအသင်းကြီး အသင်းငယ် တစ်စုက မင်္ဂလာဧည့်ခံပွဲသဘင် လုပ်လေသည်။

ထိုပွဲသို့ ဂုဏ်သရေရှိ ကုန်သည်ပွဲစား စက်သူဌေးများ၊ ရှေ့နေရှေ့ရပ်များ၊ ကျောင်းဆရာများ၊ အသင်းအမှုဆောင်များ သိုက်သိုက်ဝန်းဝန်း လာရောက်ကြသဖြင့် ဂျူဗလီဟောအောက်ထပ် တစ်ထပ်လုံး ပြည့်သွားလေသည်။ ရှေးဦးစွာ ကိုယ်စားလှယ်များအား ဩဘာစာဖတ်၍ ပန်းကုံးဆက်လေသည်။

mgyoe.com

mgyoe.com

ပြီးလျှင် ဥက္ကဋ္ဌ၏ခွင့်ပြုချက်အရ ပွဲစားကြီး ဦးဘိုးသာနှင့် ဝတ်လုံဦးမေအောင်တို့က ထ၍–

– ဆောင်ရွက်စရာများကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ပါမည်။

– အထူးသဖြင့် အိန္ဒိယမှ မြန်မာကို ခွဲထုတ်ရအောင် မဖြစ်မနေ ကြိုးစားပါမည်။

စသည်ဖြင့် ကတိပေးလေသည်။ မြန်မာနိုင်ငံကို ခွဲထုတ်ဖို့ လုပ်ဆောင်မည်ဟူသော နောက်ဆုံးစကားကို ကြားရပြီးသည်နှင့် တစ်ပြိုင်နက် ဂျူဗလီဟောတစ်ခုလုံးသည် သိမ့်သိမ့်တုန်မျှ ကြွေးကြော်လက်ခုပ်တီးကြလေသည်။ ထို့နောက်ကား ပရိသတ်တို့ကို အပေါ်ထပ်ပင့်ဖိတ်ကျွေးမွေးကာ နာမည်ကျော် မစိန်ဆင်၏ အငြိမ့်ဖြင့် ဖျော်ဖြေလေသည်[၁၈]။

ဤသည် မြန်မာနိုင်ငံအဖို့ ဝိုင်အမ်ဘီအေအဖို့ နိုင်ငံရေးသက်သက်ကို ပထမအကြိမ် ရင်ဆိုင်ရပုံဖြစ်သည်။ ဘာသာရေးမှ နိုင်ငံရေးသဘော ဝင်လာရပုံအကြောင်းကိုလည်း ဇာတ်ကြောင်းပြန်ရဦးတော့မည်။

၁၉၁၇ ခုနှစ်တွင်ပင် ပဲခူး၌ မြေငလျင်လှုပ်၍ ရွှေမော်ဓောစေတီ ပြိုကျလေသည်။ ထိုအခါ ဒုတိယဘုရင်ခံဖြစ်သူ ဆာ(ဘွဲ့)ခံ ရယ်ဂျီနယ်ကရက်ဒေါက် (Reginald Henry Craddock) သည် အပျက်အစီးကို သွားရောက်ကြည့်ရှုလေသည်။ ကြည့်ရှုရာတွင် ဗုဒ္ဓဘာသာဝင်များနည်းတူ ဖိနပ်ချွတ်ခြင်း မရှိ။ ထိုအကြောင်းနှင့်စပ်၍ ဘုရားဂေါပက လူကြီးများက ဝိုင်အမ်ဘီအေကို တိုင်ကြားကြလေသည်။

သို့ရာတွင် ဝိုင်အမ်ဘီအေသည် ထိထိရောက်ရောက် အရေးမယူနိုင်သေးသော အခြေအနေတွင် ရှိလေသည်။ မျက်နှာဖြူ နိုင်ငံခြားသားများလည်း ရွှေတိဂုံကဲ့သို့ နာမည်ကြီး စေတီဘုရားများကို ဖိနပ်မချွတ်ဘဲ တက်ရောက်သွားလာလျက်ပင် ရှိလေသည်။ ရွှေတိဂုံဘုရား ဂေါပကလူကြီးများက ဤကိစ္စကို ဟုတ်ဟုတ်ငြားငြား မတားမြစ်။

အခြေအနေကို ထူးခြားအောင် လုပ်ကြရဦးတော့မည်။ သူရိယသတင်းစာတိုက်မှ ဦးဘဘေနှင့် ဦးလှဘေတို့သည်လည်း ကာတွန်းဆရာ ဦးဘကလေးကို ကာတွန်းတစ်ခု ရေးဆွဲစေကာ ၁၉၁၈ ခု ဖေဖော်ဝါရီလထုတ် သူရိယမဂ္ဂဇင်းတွင် ဖော်ပြလေသည်။ ထိုကာတွန်းသည် အခြားမဟုတ်၊ ဖိနပ်မချွတ်ချင်သော မျက်နှာဖြူလင်မယားကို ဘုရားဂေါပကလူကြီးများက ကျောပိုး၍ ဘုရားကုန်းတော်ပေါ်သို့ ပို့ပေးနေပုံ လှောင်ပြောင်သော ကာတွန်းတစ်ခု ဖြစ်လေသည်။

mgyoe.com

 SAMPLE BOOK 

ထိုကာတွန်းနှင့်တွဲ၍–

ဖိနပ်ကို မစီးရငယ်လို့၊ နည်းကျကျဆွဲဆင်
ကမ္ဗည်းသ အကဲတင်သည်၊ မရဲချင်လေကော
နှစ်ပါးလုံး ဗိုလ်မောင်မယ်မှာ၊ ဟိုတောင်စွယ် ကုန်းမြင့်သာမော၊
တကျွတ်ကျွတ် ဘွတ်ရှတ်ဆင်သည်၊ မချွတ်ချင် ဟူသော၊
ထွင့်သခင်သူပြောတော့၊ ဂေါပကဖြစ်အင်
ပခုံးမှာ ကုန်းကာပို့မယ်ပ၊ ပြုံးပါလို့ဦးချပန်ဆင်၊
ကျွန်တော်(မျိုးကြီး)တို့ ကျောပြင်ကို၊ ဝေါယာဉ်လို ထင်မှတ်လို့
သခင်မြတ် ကုန်းမြင့်သည်တောင်၊ ရှန်းပင့်ချီဆောင်
ဘိနပ်ချွတ်လှည့် နည်းပြောင်သည်၊ ဝိနည်းရှောင် ကုန်းပုံတဲ့လေး
ဟူသော တေးထပ်တစ်ပုဒ်လည်း ပါလေသည်[၁၉]။

ထိုအခါ ရွှေတိဂုံဘုရား ဂေါပကလူကြီးလုပ်နေသော ပွဲစားကြီး ဦးဘိုးသာသည် မခံမရပ်နိုင်ဖြစ်ကာ ရန်ကုန်ပုလိပ်မင်းကြီး (နောင်အခေါ် ရဲချုပ်)ရှပ်တယ်ဝပ် (Edward Cheke Smalley Shuttleworth) ကို တိုင်လေသည်။

ရှပ်တယ်ဝပ်သည် ဦးဘဘေနှင့် ဦးလှဘေတို့ကို ခေါ်တွေ့လေသည်။ သူကား မြန်မာရည်လည်သူပါပေတည်း။ လက်အောက်ခံ မြန်မာများက အောက်ကြမ်းပြင်မှထိုင်၍ တရိုတသေ စကားပြောသည်ကို သဘောတွေ့သူ ဖြစ်လေသည်။ ဦးဘဘေနှင့် ဦးလှဘေတို့ကို ခေါ်တွေ့ရာတွင် ထိုသူနှစ်ဦးထိုင်ရန် ကုလားထိုင် ပြင်မထား။ သင်ဖြူးဖျာသာ ခင်းပေးထားလေသည်။ ဦးဘဘေတို့ကလည်း ဖျာပေါ်တွင်မထိုင်၊ သူ ကြိမ်းသည်ကိုမခံဘဲ မတ်တတ် ပြန်ပြောလေသည်။ "ဘုရားလူကြီးတွေက မကျေနပ်ရင် တရားစွဲနိုင်တယ်"ဟု ထပ်ဆင့်ဆိုလိုက်ကြသေးသည်။ ထိုကိစ္စသည် နှစ်ဖက် ပြေလည်သွားခြင်းမရှိ။ ပြဿနာကြီးဖြစ်လာပြီးလျှင် ဂျူဗလီဟော၌ အစည်းအဝေး လုပ်ရသည်အထိ ကျယ်ပြန့်ခဲ့လေသည်[၂၀]။

၁၉၁၈ ခု၊ မေလ ၁၉ ရက်နေ့တွင် ဗုဒ္ဓဘာသာဝင်အများက ဂျူဗလီဟော၌ အစည်းအဝေး လုပ်ကြလေသည်။ ထိုအစည်းအဝေးတွင် ဝတ်လုံဦးမေအောင်ကို သဘာပတိမြှောက်ရန် စီစဉ်ကြပါ၏။ သို့ရာတွင် ဦးမေအောင်သည် အစိုးရငြိုငြင်မည့်အလုပ်ကို မလုပ်လို။ သဘာပတိအဖြစ် မဆောင်ရွက်နိုင်ကြောင်း ငြင်းလေသည်[၂၁]။ ဤတွင် အခြားသင့်လျော်သူတစ်ဦးကို ရှာရပြန်တော့သည်။ ဝေးဝေးမရှာရပါလေ။ ဗိုင်အမ်ဘီအေ အဖွဲ့ဝင်လူကြီးဖြစ်သူ ဝတ်လုံဦးသိမ်းမောင်

mgyoe.com

mgyoe.com SAMPLE BOOK

သည့် ဦးမေအောင်ကဲ့သို့ ကိန်းဘရစ် ယူနီဗာစီတီ (တက္ကသိုလ်)ကျောင်းကြီး ထွက် ဖြစ်၍ ဩဇာတိက္ကမလည်း ရှိသည်။ ဘာသာတရားလည်း ကိုင်းရှိုင်း သည်။ ဘာသာရေး အနှောင့်အယှက်များကို ပယ်ရှားရန် စိတ်အားထက်သန်နေ သူလည်း ဖြစ်သည်။ ဝတ်လုံ ဦးသိမ်းမောင်သည် သဘာပတိအဖြစ် ဆောင်ရွက် ခဲ့လေသည်။

ထိုအစည်းအဝေးတွင် ဦးဘဘော၊ ဦးပေါ်ထွန်း၊ ဒေါက်တာသိန်းမောင်၊ ဦးဘဒွန်းစသော ဝိုင်အမ်ဘီအေ လူငယ်ပိုင်း၏ ဝိုင်းဝန်းထောက်ခံမှုဖြင့် ဘုရား မြေ၊ ကျောင်းမြေ၊ ဝတ္တကမြေများအတွင်း လူမျိုးခြားများ ဖိနပ်မစီးရဟု ဆုံး ဖြတ်ကြလေသည်။ အစိုးရသည်လည်း ပြည်သူ့အလိုကို မဆန့်ကျင်ရဲဘဲ ဆုံး ဖြတ်ချက်ကို လက်ခံကြောင်းဖြင့် နောက်ဆုံး ၁၉၁၉ ခု၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရလေသည်[၂၂]။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ၃။ ကရက်ဒေါက်စီမံကိန်း

ဝိုင်အမ်ဘီအေကား နိုင်ငံရေးနယ်ထဲသို့ ဝင်လာလေပြီ။ အစိုးရနှင့် ရင်ဆိုင်လာရပြီ။ ထိုအခါ ဝိုင်အမ်ဘီအေအတွင်း၌ အစိုးရအပြေအငြင်မခံရဲသော အစိုးရနှင့်မကင်းသော လူကြီးဂိုဏ်းနှင့် ရသင့်ရထိုက်သောအခွင့်အရေးကို ဥပဒေဘောင်အတွင်းမှ အရေးဆိုလိုသော လူငယ်ဂိုဏ်းဟူ၍ သိသိသာသာ နှစ်ဂိုဏ်းကွဲပြားခဲ့တော့သည်။

လူကြီးဂိုဏ်းကို ဦးဘတူ၊ ဦးဘိုးသာ၊ ဦးသင်းတို့က ဦးစီးလေသည်။ သူတို့၏ နောက်ကြောင်းကို ပြန်ကြည့်ပါလေ။

ဦးဘတူသည် နှစ်ပေါင်းများစွာ အစိုးရအမှုထမ်းခဲ့၊ အငြိမ်းစားယူခဲ့ပြီးနောက် လက်ရှိအချိန်တွင် ဒုတိယဘုရင်ခံခန့် မင်းတိုင်ပင်အမတ် ဖြစ်နေသည်။ တစ်ဖန် နယ်ချဲ့ဝါဒ (Imperial Idea) ပြန့်ပွားရလေအောင် အုပ်စိုးသူ တိုင်းခြားမင်းတို့အပေါ် မိမိတို့၏ မင်းကေရာဇ်တို့နည်းတူ ကြည်ညိုသဒ္ဓါစိတ် တိုးရလေအောင် မြန်မာစာပေမှ ဘုန်းတော်တွဲ့စာညွှန့် စာဖူးရွေးထုတ်၍ ကျောင်း၌ပြဋ္ဌာန်းရန် ရည်ရွယ်ချက်ဖြင့် အစိုးရက ဘုတ်အဖွဲ့ဖွဲ့စည်းသည့်အခါ သူသည် ဥက္ကဋ္ဌလုပ်ခဲ့သူ ဖြစ်ပေသည်။

မျိုးရိုးကိုထပ်ကြည့်ပါဦးလေ။ အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ မြစ်ကြောင်းမှ စစ်ချီတက်၍ သိမ်းစဉ်က မြန်မာတို့လိုလားသော ညောင်ရမ်းမင်းသားပါ ပါလာသည်ဟု သတင်းဖြစ်ပွားခဲ့ဖူးလေသည်။ ထိုအခါ သင်္ဘောဦး၌ ညောင်ရမ်းမင်းသားဟန်ပန် ဝတ်စား၍ ထိုင်လျက်ရှိသူမှာ ဦးဘတူ၏ညီတော်သူ ဦးဘသန်းဖြစ်သည်ဟူသော စကားစဉ်လည်း ရှိခဲ့လေသည်။

ဒုတိယပုဂ္ဂိုလ်ဖြစ်သော ဦးဘိုးသာ၏ နောက်ကြောင်းမှာ စီးပွားရေးဖြစ်လေသည်။ သူသည် စပါးပွဲစားကြီးအဖြစ် စတီးဘရားသားကဲ့သို့သော ကုမ္ပဏီ

mgyoe.com

mgyoe.com SAMPLE BOOK

များနှင့် ဆက်သွယ်ကူးလူးကာ ကြီးပွားနေသူပါပေ။ ထို့ပြင် ဒုတိယဘုရင်ခံခန့် မင်းတိုင်ပင်အမတ် ဖြစ်နေပြန်လေသည်။

တတိယပုဂ္ဂိုလ် ဦးသင်းကား ဝတ်လုံတော်ရဖြစ်၍ ဒုတိယဘုရင်ခံခန့် မင်းတိုင်ပင်အမတ် ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်မှာ နောင်ရေးကို မြော်စရာတွေ ရှိနေပုံရသည်။ (နောင်အခါတွင် အမွေထိန်းမင်းကြီးအဖြစ် ချီးမြှောက်ခြင်း ခံရပေသည်)

ဦးဘတူ၊ဦးဘိုးသာ၊ဦးသင်း ဝါ တူသာသင်း အဖွဲ့သည်လည်း ဝိုင်အမ်ဘီအေမှ ခွာလေတော့သည်။ ထိုအဖွဲ့နောက်သို့ ဝန်ထောက် ဦးရွှေဇံအောင်၊ ဝတ်လုံ ဦးမေအောင်၊ ဝတ်လုံဦးခင်၊ဝတ်လုံဂျေအေမောင်ကြီးစသော လူငယ်များလည်း ပါသွားလေသည်။

သို့ရာတွင် ဝိုင်အမ်ဘီအေမှာ အရှိန်မပျက်ပါ။ ဦးဘဘေ(ဦးဘဘေနှင့် ဝိုင်အမ်ဘီအေထောင်ခဲ့သူ ယခု အမ်အေဘွဲ့ရ ဝတ်လုံ)ဦးမောင်ကြီး၊ (ဦးဘဘေနှင့် ဝိုင်အမ်ဘီအေထောင်ခဲ့သူ ယခုဆရာဝန်ဘွဲ့ရ)ဒေါက်တာဘရင် ကဲ့သို့သော လူငယ်များသည် မွန်တေဂူ၏ အစီရင်ခံစာကို စောင့်မျှော်နေခဲ့ကြလေသည်။ ထိုအစီရင်ခံစာသည်လည်း ဂျူဗလီဟော၌ ဖိနပ်ပြဿနာ အစည်းအဝေး ပြီးသည့် နောက်တစ်လ၊ ၁၉၁၈ခု ဇွန်လထဲတွင် ထွက်လာခဲ့လေသည်။ ထိုအစီရင်ခံစာတွင် အိန္ဒိယနိုင်ငံသတ်သတ်ကို အုပ်ချုပ်ရေးပြုပြင်ပေးရန် အကြံပေးချက်ပါပါ၏။ မြန်မာနိုင်ငံကိစ္စကိုကား ချန်ထားခဲ့လေသည်။

ချန်ထားခဲ့သည့် အဓိကအကြောင်းသည် အခြားမဟုတ်။

Burma is not India မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ မဟုတ်ချေတကား ဆိုသော အချက်ပါပေတည်း။ ဆိုလိုသည်မှာ သူတို့ စစ်ဆေးကြည့်လိုက်သည့် အခါ အိန္ဒိယ အင်ပါယာအတွင်း၌ အုပ်ချုပ်ရေးအရ ရောက်ရှိနေသော မြန်မာနိုင်ငံသည် လူမျိုးအားဖြင့်လည်းကောင်း၊ ဓလေ့ထုံးစံအားဖြင့်လည်းကောင်း၊ အိန္ဒိယနှင့် တခြားစီဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွက် တသီးတခြား စဉ်းစားရမည်ဖြစ်ရာ လက်ရှိအစီရင်ခံစာတွင် မပါနိုင်ဟူ၍ ဖြစ်လေသည်။

ဤတွင် မြေနိမ့်ရာ လှန်စိုက်လာပြန်သည်ထင့်—

မြန်မာနိုင်ငံ၏ ဒုတိယဘုရင်ခံ ရယ်ဂျီနယ်ကရက်ဒေါက်သည် သူ့အလို အတိုင်း အုပ်ချုပ်ရေးစနစ်တစ်ခုကို ရေးဆွဲခဲ့တော့သည်။ ကရက်ဒေါက်နှင့် ရွှေမော်ဓောစေတီကိစ္စကို စောစောက ရေးခဲ့ဖူးပြီ။ ယခု အုပ်ချုပ်ရေးကိစ္စတွင် နည်းနည်းချဲ့စရာ ရှိနေသည်။ ကရက်ဒေါက်ဆိုသူမှာ နဂိုကပင် တိုင်းရင်းသား

mgyoe.com

 m gyoe.com SAMPLE BOOK 

များအပေါ် အထင်သေးသော အိုင်စီအက်စ်ဝန်ထမ်း ဖြစ်လေသည်။ သူသည် အင်္ဂလိပ်မိဘမှ ပေါက်ဖွားသော အင်္ဂလိပ်အမျိုးသားပင် ဖြစ်ပါသည်။ သို့ရာတွင် အိန္ဒိယ မြေပေါ်၌ ဖွားမြင်၍ အနှစ် ၃၀ခန့် အိန္ဒိယ၌ နေထိုင်အလုပ်လုပ်ခဲ့သည် ဖြစ်ရာ အင်္ဂလန်နိုင်ငံဖွား အင်္ဂလိပ်များထက် တိုင်းရင်းသားများအပေါ် ပို၍နှိပ်ကွပ်ချင်သူ ဖြစ်လေသည်။ သူသည် လွတ်လပ်သော ရွေးကောက်ပွဲကို မလိုလား။ သူ၏ အုပ်ချုပ်ရေးစနစ်သစ်မှာလည်း ရှာသူကြီးကဲ့သို့ အစိုးရခန့်ပုဂ္ဂိုလ်များကို နယ်မြေကောင်းစီ အဆင့်ဆင့်ဖြင့် မင်းတိုင်ပင်ကောင်စီ အမတ်အထိ အရွေးခံနိုင်စေသော စနစ်ဖြစ်ချေသည်။

တစ်ဖန် အင်္ဂလိပ်အစိုးရက အိန္ဒိယမှ နိုင်ငံရေးခေါင်းဆောင်များအား အင်္ဂလန်သို့ ဖိတ်ခေါ်ပြီးလျှင် အိန္ဒိယနိုင်ငံ အုပ်ချုပ်ရေးဥပဒေကြမ်းကို ပါလီမန်သို့ တင်ပြနိုင်ရန် အစီအစဉ် လုပ်နေပြန်လေသည်။ မြန်မာနိုင်ငံကား အဖိတ်မခံရ။

ဝိုင်အမ်ဘီအေသည် မခံမရပ်နိုင်ဖြစ်လေသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့်စာလျှင် အဘက်ဘက်က သာလေသည်။ စာတတ်သူ လူဦးရေ ပိုများသည်။ မိန်းမတွေ ပိုလွတ်လပ်သည်။ ပေါင်းသင်းဆက်ဆံရေးတွင်လည်း အင်္ဂလန်လောက်ပင် လူတန်းစား ကွဲပြားမှုမရှိ။ ထို့ကြောင့် အိန္ဒိယထက် မညံ့သော အုပ်ချုပ်ရေးကို ရသင့်သည်ဟု ဝိုင်အမ်ဘီအေက ယုံကြည်လေသည်။ ယခုမူ အင်္ဂလန်သို့ပင် အဖိတ်မခံရ။

ဝိုင်အမ်ဘီအေသည် ပြည်သူ့အားဖြင့် အင်္ဂလန်သို့ ဒယ်လီဂိတ် ကိုယ်စားလှယ်လွှတ်ရန် စီစဉ်လေသည်။ ရန်ပုံငွေကောက်၍ အင်္ဂလန်သွားရန် စရိတ်ရှာလေသည်။ ထို့နောက်

- သူရိယသတင်းစာတိုက်မှ ဦးဘဘေ
- ဝတ်လုံဦးပု
- မန္တလေးမြို့ ဗုဒ္ဓသာသနနုဂ္ဂဟ ကျောင်းအုပ်ဆရာကြီး ဦးထွန်းရှိန်တို့ကို ဒယ်လီဂိတ် ကိုယ်စားလှယ်ရွေးချယ်၍ အင်္ဂလန်သို့ လွှတ်လေသည်။

မြန်မာ့မြေပေါ်မှ ကိုယ်စားလှယ်ကြီးများ (သင်္ဘောဖြင့်)ထွက်ခွာ၍မှ ၁၆ရက်သာ ရှိသေးသည်။ ဝါ လမ်းခုလတ်တွင် ရှိသေးသည်။ အစိုးရဘက်တော်သားများသည် ၁၉၁၉ခု ဩဂုတ်လ ၈ရက်နေ့တွင် ဂျူဗလီဟော၌ ကန့်ကွက်ပွဲ လုပ်လေတော့သည်။ ကန့်ကွက်ပွဲ သဘာပတိမှာ ပွဲစားကြီး ဦးဘိုးသာဖြစ်လေသည်။ ကန့်ကွက်ပွဲ၏ လိုရင်းကား ရှင်းရှင်းကလေးပင်။

mgyoe.com

 mgyoe.com SAMPLE BOOK 

✧ ကရက်ဒေါက်စိမ်ကိန်းကိုသာ ကြိုက်ပါ၏။

✧ အင်္ဂလန်သွား ဘေပုရှိန်တို့မှာ ပြည်သူ့ကိုယ်စားလှယ်များမဟုတ်ပါ။

ဤသည် ကန့်ကွက်ပွဲ၏လိုရင်း၊ ကန့်ကွက်ပွဲ၏ ကြေညာချက် ဖြစ်လေသည်။

သူတို့ဘက်က ကြေညာချက်ကိုလည်း အိန္ဒိယအစိုးရနှင့် အင်္ဂလိပ်ပါလီမန်သို့ ပို့လေသည်။ ထို့ပြင် အစိုးရပိုင်းကလည်း ကျောင်းအုပ်ဆရာကြီး ဦးထွန်းရှိန်ကို ရာထူးမှ ထုတ်ပယ်ပစ်ရန် စီမံပါလေသည်။

ထိုအရေးသည် မသေးငယ်ပါ။ ပါလီမန်က နားယောင်သွားမည်ကို စိုးရိမ်ရလေသည်။ ဝိုင်အမ်ဘီအေသည် တန်ပြန် စီရင်ရလေသည်။ ဩဂုတ်လ ၁၇ရက်နေ့တွင် ဂျူဗလီဟော၌ အစည်းအဝေး လုပ်ရပြန်လေသည်။ ထိုအစည်းအဝေးသို့ မြို့ပေါ်မှ ရဟန်းရှင်လူနှင့် အသင်းကိုယ်စားလှယ် အများအပြားတက်၍ ဦးဘဘေ၊ ဦးပု၊ဦးထွန်းရှိန်၊ဝါဘေပုရှိန်အဖွဲ့ကိုထောက်ခံကြလေသည်။ ဦးဘိုးသာကဲ့သို့ အစိုးရဘက်သားများကိုလည်း အယုံအကြည်မရှိကြောင်းနှင့် ထိုပုဂ္ဂိုလ်များကို မင်းတိုင်ပင်အမတ်အဖြစ် မခန့်သင့်ကြောင်း ဆုံးဖြတ်ကြလေသည်။

အချက်တစ်ခုကို ထပ်၍ ဖြည့်စွက်ရပေဦးမည်။ ထိုအစည်းအဝေးသို့ သူရိယ သတင်းစာတိုက်မှ မစ္စတာမောင်မှိုင်း ကလောင်အမည်ခံ၊ စာရေးဆရာ ဆရာလွန်းသည် ပါဝင်တက်ရောက်ခဲ့လေရာ လူစည်ကားလှသည်ကို ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့လေသည်။ ကိုယ်စားလှယ်များ စိတ်အားထက်သန်စွာ ဆွေးနွေးပြောဆိုကြသည်ကိုလည်း အလွန်အားရမိလေသည်။ ထို့ကြောင့် သူ နှစ်ထောင်းအားရ ဖြစ်မိသည်ကို လေးချိုးကဗျာ ရေးဖွဲ့တင်ပြခဲ့သည်မှာ၊

ဂျူဗလီဟောတွင်မှ
တူညီတဲ့သဘောတွေနှင့်
လူစည်လို့ပေါ်လိုက်ပုံက
အဟောဝတ၊ အဟောဝတာ၊ အဟောဝတတွေနှင့်
ပြောက ပြောကာ အံ့ဘွယ်သရဲပေပေါ့
လောကဩဘာ ခန့်ထယ်ဘို့ အကဲပေထင့်
သို့လော သို့လော သဘောနှစ်ဖြာ
မြို့ရောတောပါ မကွဲတဲ့အပြင်
အပေါင်းအသင်း တညီတညာ
ကသောင်းကနင်း ဖီလာလဲမခွဲကြပေဘု
ဘဝင်ဇောဖြူ သဒ္ဒါတမောက်မောက်ကဲချိန်မို့
ရှင်ရောလူပါ သောက်သောက်လဲပါရော့

mgyoe.com

m g y o e . c o m SAMPLE BOOK

အမိတမျှ မင်္ဂလာနော် ဗြိတိသျှအင်ပါယာထဲတွင်မှ
ပြည်ပေါ်မြေမဟီမဖြင့်
အညီနော် ဝေမည်ဝေမည်နှင့်
"ဒီမော်ကရေစီ" ရွှေညီပွဲတွင်မှ
မရမနေ မြန်မာ့မြေကလဲ ခဲမယ်လို့
နွှဲမပါ့ အခြေဆင်တယ်နော်ကွယ်
ကြုံကြုံလေအင်
ဟောင်းသမျှအရာရာ ပြန်ကာဆလိုက်တော့
နှောင်းမြန်မာ့ မြန်မာကံသာဘို့ ဘဝပေပေါ့
တကောင်းကသာ မင်္ဂလာကျအောင်ပါ့
တရံတခါမှ မြန်ဌာန ပြည်ရာဇဝင်မှာ
သည်တခါတွင်လိုဖြင့် အစုအရောက် အညီမများ
ညီလာခံသဘင်မှာတောင်မှ အခုလောက် မစည်ကား

စသည်ဖြင့် ဖြစ်လေသည် [၂၃]။

ဤသို့ဖြင့် ဝိုင်အမ်ဘီအေ ရှေ့ဆောင်နေသည့် ရဟန်းရှင်လူတို့က သောက်သောက်လဲ ထပ်မံ ထောက်ခံလိုက်ခြင်းသည် အင်္ဂလိပ်အစိုးရ၏ အဖိတ် မခံရဘဲ ကိုယ့်ဘာသာကိုယ် သွားရသည့် ဘေပုရှိန် ကိုယ်စားလှယ် အဖွဲ့အတွက် တအားတက်စရာပင်။ ဘေပုရှိန်တို့အဖွဲ့သည် မြန်မာတို့အဖို့ (Cinderella) အိန္ဒိယ၏လင်ပါသမီး ဖြစ်နေရပုံပေါ်အောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားလေ သည်။သူတို့သည် သတင်းစာဆရာများကိုစည်းရုံး၍ ဆောင်းပါးရေး၏။ မြန်မာ နိုင်ငံ၏ ဘုရင်ခံဟောင်းဖြစ်ခဲ့သူ ဖရက်ဒရစ်ဖရိုင်ယာ၊ ခရိုင်ဝန်ရှင်တော်မင်းကြီး ဟောင်း ဖြစ်ခဲ့သူ ဗားနတ်ဟောက်တန် (Bernard Houghton) စသူတို့၏ အကူအညီဖြင့် ပြဿနာအရပ်ရပ်ကို ရှင်းပြ၏။ ပါလီမန်တွင် မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်များကို မေးခွန်းထုတ်စေ၏။ ထို့ပြင် (ဝိတိုရိယ ဘုရင်မ၏ ကြင်ရာမြောက် သားဖြစ်သော) အယ်လဗတ်မင်းသား အထိမ်းအမှတ် ခန်းမ ဆောင်၌ ဟောပြော၏။ နောက်ဆုံး၌ မွန်တေဂူနှင့် တွေ့ခွင့်ရကာ မိမိတို့ဆန္ဒကို တင်ပြလေသည်။ သို့ရာတွင် မြန်မာနိုင်ငံ အုပ်ချုပ်ရေး စီမံကိန်းသစ်ကို လောလော ဆယ် ပါလီမန် အစည်းအဝေးပတ်၌ တိတိကျကျ တင်ပြရန် အချိန်မမီ ဖြစ်နေ သည်။ ထို့ကြောင့် ဘေပုရှိန်တို့အဖွဲ့သည် အင်္ဂလန်၌ ၅-လကြာမျှ နေထိုင်ခဲ့ ကြပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြလေသည်။

m g y o e . c o m

mgyoe.com SAMPLE BOOK

သူတို့ပြန်လာကြပြီးသည့်နောက် မကြာမီ ၁၉၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၉ရက်နေ့တွင် ဂျူဗလီဟော၌ ဝိုင်အမ်ဘီအေက ကမကထပြု၍ ပြည်လုံးကျွတ် အစည်းအဝေး ကျင်းပလေသည်။ ထိုအစည်းအဝေးသို့ နယ်အသင်းခွဲ ကိုယ်စားလှယ်များ၊ အသင်းသူ အသင်းသားများ၊ တစ်သီးပုဂ္ဂလများ၊ သံဃာတော်များပါ တက်ရောက်ကြသဖြင့် ခန်းမဆောင် အထက်အောက် ပြည့်လျှံရုံမျှမက ပတ်ဝန်းကျင် သစ်ပင်ရိပ်များတွင်ပါ လူစည်စည်ကားကား ရှိလေသည်။ အစည်းအဝေး သဘာပတိကား မော်လမြိုင်မှ ဝတ်လုံ ဦးချစ်လှိုင်ပေတည်း။

ထိုအစည်းအဝေးတွင် အင်္ဂလန်သွား ကိုယ်စားလှယ်ကြီးများက မိမိတို့ ဆောင်ရွက်ခဲ့ပုံတို့ကိုလည်း အသေးစိတ် ရှင်းလင်းကြလေသည်။ တစ်ဖန် အိန္ဒိယ အင်ပါယာအတွင်း ဘုရင်ခံအုပ်ချုပ်သော ပြည်နယ်အဖြစ်နေမည် သို့မဟုတ် အိန္ဒိယမှ တသီးတခြား အခြေခံအုပ်ချုပ်ရေးနှင့် နေမည်ဟူ၍ ဆုံးဖြတ်ချက်ချဖို့ လိုကြောင်း ကိုလည်း တင်ပြကြလေသည်။ ထိုအခါ သာယာဝတီမှ ရွှေနေဦးပု က မြန်မာ တိုင်းရင်းသားတို့ ကိုယ်ပိုင်အုပ်ချုပ်ရသည့် ကိုယ်ပိုင်အုပ်ချုပ်ရေး (ဟုမ်းရူး)ကိုသာ လိုလားကြောင်း အဆိုတင်လေသည်။ ထိုအဆိုသည် အများ ထောက်ခံချက် ရသဖြင့် အတည်ဖြစ်သွားလေသည်။ ထိုဆုံးဖြတ်ချက်ကို မန္တလေး၊ မော်လမြိုင်၊ ပဲခူး၊ ပုသိမ်စသော မြို့ကြီးမြို့ငယ်များတွင်လည်း အစည်းအဝေးများ ကျင်းပကာ ထောက်ခံကြောင်း ဆန္ဒပေးကြလေသည် (၂၄)။

ဤတွင် မြန်မာ့ဆန္ဒကိုဆန့်ကျင်ကာ မြန်မာနိုင်ငံအစိုးရ ဝါ ကရက်ဒေါက် အစိုးရသည် အိန္ဒိယဗဟိုအစိုးရ၏ သဘောတူညီချက်ယူ၍ အုပ်ချုပ်ရေးစီမံကိန်း သစ်ကို ဝန်ကြီးမွန်တေဂူထံသို့ မတ်လ ၂၅ရက်နေ့၌ တင်ပို့လိုက်လေသည်။ ထို့ကြောင့် ဂျူဗလီဟော၌ ဝိုင်အမ်ဘီအေ အစည်းအဝေး နောက်ထပ် ကျင်းပ ရန် နေ့ရက်သတ်မှတ်ရပြန်တော့သည်။

ထိုနေ့ကား မေလ ၂ရက်နေ့ပေတည်း။ ထိုနေ့ တစ်နေ့လုံးလိုလို မိုးရွာ နေလေ၍ အသွားအလာ ခက်နေလေသည်။ အစည်းအဝေးသို့ ဒလ၊ ကမာကဆစ် ကဲ့သို့ ခပ်ဝေးဝေးနေရာက လူအများလည်း မလာနိုင်ကြ။

သို့ပါသော်လည်း အစည်းအဝေးကို ဖွင့်သော နေ့လယ် ၁၂နာရီအချိန်တွင် ကိုယ်စားလှယ်များ၊ အသင်းသားများ၊ ကုမ္မာရီအသင်းသူများ စုံစုံညီညီ တက် ရောက်ကြသဖြင့် အခန်းမဆံ့သလောက် ဖြစ်သွားလေသည်။ အစည်းအဝေးတွင် ဝတ်လုံချစ်လှိုင်ကပင် သဘာပတိ လုပ်လေသည်(၂၅)။

ထိုအစည်းအဝေးက ကရက်ဒေါက်၏ အုပ်ချုပ်ရေး ဥပဒေမူကြမ်းကို တညီတညွတ်တည်း ကန့်ကွက်ကြလေသည်။ အိန္ဒိယမှ ခွဲထွက်၍ ကိုယ်ပိုင်

mgyoe.com

အုပ်ချုပ်ရေး တောင်းရန်ဟူသော နိုင်ငံရေးဦးတည်ချက်ကိုလည်း ထပ်မံအတည်ပြု လေသည်။ ထို့နောက် အင်္ဂလိပ်အစိုးရက ဖိတ်မန္တက ပြုထားသည်နှင့်အညီ လန်ဒန်သို့ ဒုတိယအကြိမ် ကိုယ်စားလှယ်အဖြစ် လိုက်ပါသွားရန်ဟူ၍ ဝတ်လုံ ဦးသိမ်းမောင်ကိုပါ ထည့်သွင်းလျှာထားလေသည်။ ဘားမားဒေး(မြန်မာပြည်နေ့) ဟူ၍ ရက်သတ်မှတ်ကာ အရပ်ရပ် အနယ်နယ်၌ ရန်ပုံငွေကောက်ရန်လည်း စီမံလေသည်။(ဤတွင် ဘိလပ်–လန်ဒန်သို့ ကိုယ်စားလှယ်လွှတ်သောအခါ ဦးထွန်းရှိန်မှာ မမာဖြစ်၍ ဦးဘဘော၊ ဦးပု၊ ဦးသိမ်းမောင်တို့ သွားကြရသည်)

စပ်မိ၍ဆိုရလျှင် ထိုအစည်းအဝေး၌ အဆိုသွင်းကြ၊ ထောက်ခံကြနှင့် လူရော ရဟန်းပါ ပါဝင်ပြောဆိုကြရာတွင် ထင်ရှားသောသူတစ်ဦးမှာ စစ်တွေ ဘက်မှ ဦးဥတ္တမ ကိုယ်တော် ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်သည် အိန္ဒိယ၌ နှစ်အတန် ကြာအောင် နေထိုင်ဖူး၍ ကွန်ဂရက်ခေါင်းဆောင်များနှင့် ရင်းနှီးသူ ဖြစ်လေ သည်။ ယခုအခါ မြန်မာ့ဒေသခွဲ ကွန်ဂရက်ပါတီအဖွဲ့ဝင်လည်း ဖြစ်နေသည်။ ထို့အတူ တရုတ်၊ ဂျပန်နိုင်ငံများ၌ သွားလာနေထိုင်ဖူး၍ ဒေါက်တာ ဆွန်ယက် ဆင်နှင့်လည်း သိကျွမ်းသည်။ ဂျပန်၌ စာသင်နေကြသော တရုတ်ကျောင်းသား တွေနှင့်လည်း ကိုလိုနီတစ်ပိုင်းဖြစ်နေသော တရုတ်နိုင်ငံရေးရာကို မကြာခဏ ဆွေးနွေးခဲ့ဖူးသည်။ ထိုအချိန်တွင် ဂျပန်နိုင်ငံ ကျိုတိုရှိ အိုတာနီ ဗုဒ္ဓဘာသာ ယူနီဗာစီတီတွင် ပါဠိ၊ သက္ကတဘာသာများကို ပို့ချနေခဲ့ရသဖြင့် ဂျပန်လူမှုရေး နိုင်ငံရေးကိုလည်း သိကြားခွင့် ရခဲ့ပြန်သည်။

ထိုကဲ့သို့ နိုင်ငံရေးအမြင်အကြားရှိခဲ့သော ပုဂ္ဂိုလ်မျိုးသည် မြန်မာနိုင်ငံသို့ ပြန်လာသည့်အခါ နိုင်ငံရေးထဲသို့ ဝင်မည်မှာ မြေကြီးလက်ခတ် မလွဲပင်။ ဟုတ်ပါ၏။ ဦးဥတ္တမသည် နိုင်ငံရေးစကား စပြောလာသည်။သို့ရာတွင် အစိုးရ၏ အဖမ်းအဆီးကို ကြောက်ရွံ့ကြသဖြင့် ထိုပုဂ္ဂိုလ်အား သီတင်းသုံးခွင့်ပြုသော ဘုန်းကြီးကျောင်း၊ ထိုပုဂ္ဂိုလ်အဖို့ တရားဟောရန် စင်မြင့်ဟူ၍ စောစောက ရှားပါးခဲ့လေသည်။ ဦးဥတ္တမ ကိုယ်တော်သည် (ပထမ ဆူးလေဘုရားလမ်း၊ နောက်ဖရေဇာလမ်းရှိ) သူရိယသတင်းစာတိုက်ပေါ်၌ပင် သီတင်းသုံးခဲ့ရလေသည်။ ထိုအခါ ဦးဘဘော၊ ဦးလှဘော စသူများနှင့် ရင်းနှီးပူးပေါင်းကာ တရားဟော ခဲ့ရလေသည်။ ထို့ပြင် ဝိုင်အမ်ဘီအေ၏ လုပ်ငန်းများတွင် စိတ်အားထက်သန် စွာ ပါဝင်စ ပြုလေသည်။ ယခုအစည်းအဝေး၌လည်း ကိုယ်ပိုင်အုပ်ချုပ်ရေး အတွက် ထောက်ခံတင်ပြခဲ့သူတစ်ဦး ဖြစ်လာလေသည်။

ပြည်သူတို့၏ဆန္ဒကား ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ကရက်ဒေါက်အစိုးရ၏ ဆန္ဒကား သူတို့အင်္ဂလိပ်ဩဇာခံသက်သက် အုပ်ချုပ်ရေး တစ်ဖက်နှင့်တစ်ဖက် ဖီလာကျနေလေတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖိလာကျနေသည်မှာ နိုင်ငံရေး၌သာ မဟုတ်သေး၊ ပညာရေးဘက်၌လည်း အတူတူပင်။ သာဓကေ နှစ်ခု ပြရပေဦးမည်။

ကရက်ဒေါက်အစိုးရ၏ ပညာရေးဌာနသည် သူငယ်တန်းဖတ်စာအုပ်တွင် ဗျည်း ၆လုံးဖြုတ်၍ သင်ပုန်းကြီးကို စီစဉ်ထားလေသည်။ ဤသည် ဘုန်းကြီးကျောင်းများတွင် သင်ခဲ့ရသော အစဉ်အလာနှင့် တခြားစီဖြစ်ချေသည်။ ပမာအားဖြင့် အက္ခရာ ငှနှင့်တ၊ အက္ခရာဠနှင့်ထသည် ယခုခေတ်တွင် ဌာန်မကွာ၍ အသံထွက်ပုံတူ၍ ဗျည်းတစ်ခုကို ဖြုတ်သည်ဟူ၍ ပညာရေးဌာနက အကြောင်းပြစရာ ရှိလေသည်။ သို့ရာတွင် မြန်မာကလေးသည် ပါဠိပါဠိသားနှင့် အမြဲတစေ ဆက်ဆံနေရသဖြင့် အစကတည်းက ပါဠိသုံး အက္ခရာများနှင့် ရင်းနှီးနေဖို့ လိုလေသည်။ ဋဝဂ်ကိုပါ အစကတည်းက ပူးတွဲသင်ထားဖို့ လိုလေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာ့ဆန္ဒကို ကျယ်ကျယ်ပြန့်ပြန့် မညှိနှိုင်းဘဲ သူငယ်တန်း ဖတ်စာအုပ်တွင် စီမံခြင်းကို မြန်မာတို့သည် ခံပြင်းလှတော့သည်။ ထို့ကြောင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၈ ရက်နှင့် ၂၉ ရက်များအတွင်း ဂျူဗလီဟော၌ကျင်းပသော တိုင်းရင်းဘာသာ ကျောင်းဆရာများ၏ ပထမအကြိမ်မြောက် ကွန်ဖရင့် (အစည်းအဝေး)ကြီးက ထိုကိစ္စကို ထည့်သွင်းဆွေးနွေးကြပြီးလျှင် မူလသင်ပုန်းကြီးအတိုင်း ဖတ်စာအုပ်တွင် ပြန်လည်ပြင်ဆင်ရန် အရေးဆိုခဲ့လေသည် [၂၆]။ နောင်အခါ အစိုးရသည်လည်း လိုက်လျောခဲ့ရလေသည်။

နောက်တစ်ခုကို ဆိုစရာရှိသေးသည်။ ထိုတစ်ခုမှာ ယူနီဗာစီတီပညာရေးနှင့် သက်ဆိုင်လေသည်။ ထိုအရေးကြောင့် အစိုးရနှင့်ပြည်သူ ပဋိပက္ခ ဖြစ်လာပြီးလျှင် တစ်နိုင်ငံလုံးကို ပျံ့နှံ့ခဲ့သောအခြေသို့ ရောက်လေသည်။

ဤနိုင်ငံတွင် သီးခြား ယူနီဗာစီတီ တစ်ခုနှင့် ဟိုက်ကုတ်တရားလွှတ်တော် တစ်ခု ရှိသင့်ကြောင်းကို မြန်မာမျိုးချစ်များက ၁၉၁၇ခုနှစ်ကတည်းက မွန်တေဂူထံမှောက်၌ တင်ပြခဲ့ဖူးလေသည်။ ထိုစဉ်က ကော်မရှင်နာလမ်းရှိ ရန်ကုန်ကောလိပ်သည်လည်းကောင်း၊ စိန့်ဂျွန်းလမ်းရှိ ဂျပ်ဆင်ကောလိပ်သည်လည်းကောင်း၊ ကာလကတ္တား ယူနီဗာစီတီ(တက္ကသိုလ်) လက်အောက်ခံများ ဖြစ်ခဲ့သည်ကို သတိရမိကြပေလိမ့်မည်။ ထိုကောလိပ်များကို တည်ထောင်သည်မှာလည်း နှစ်ကာလ ကြာညောင်းခဲ့ပြီဖြစ်၍ ကိုယ့်နိုင်ငံနှင့်ကိုယ် ယူနီဗာစီတီအဆင့်ရရန်အချိန်မှာ တန်နေလေပြီ။

ယခုသော် ကရက်ဒေါက်အစိုးရက သီးခြားယူနီဗာစီတီ ထူထောင်တော့မည်ဟူ၍ ရန်ကုန်ယူနီဗာစီတီ ဥပဒေကြမ်းကို ပညာမင်းကြီးဖြစ်သူ မတ်ဟန်းတား (Mark Hunter) အား ရေးဆွဲစေခဲ့လေသည်။ မကြာမီ သူတို့အကြိုက်ဥပဒေကြမ်း

mgyoe.com

 SAMPLE BOOK 

ထွက်လာလေသည်။ သို့ရာတွင်ထိုဥပဒေကြမ်းကို မြန်မာတို့က မကြိုက်။ မကြိုက်ရခြင်းမှာ အထက်တန်းပညာသင်ကြားရေးကို ချုပ်ချုပ်ချယ်ချယ် လုပ်ထားသောကြောင့် ဖြစ်လေသည်။

ကြည့်ပါလေ။ ယူနီဗာစီတီ လက်အောက်ခံ ကောလိပ်များသည် ရန်ကုန်တစ်မြို့တည်း၌သာ ရှိလိမ့်မည်။ ကျောင်းသားသည် ၁၀တန်းအောင်၍ အင်္ဂလိပ်စာ အဆင့်အတန်းရှိသူ ဖြစ်ပါမှ ထိုယူနီဗာစီတီတွင် နှစ်ချင်း ဝင်ခွင့်ပြုလေသည်။ သို့မဟုတ်ပါက ကြားတန်းတွင် တစ်နှစ် နေရလိမ့်ဦးမည်။ ကျောင်းသားသည် ကျောင်းအိပ်ကျောင်းစား ဖြစ်ရမည်။

တစ်ဖန် အမ်အေ၊ အမ်အက်စ်စီ အတန်းတက်ရန် ဘီအေ၊ ဘီအက်စ်စီ ရိုးရိုး အောင်ရုံနှင့်မရ။ ဂုဏ်ထူးဖြစ်ရန် လိုလေသည်။ ယူနီဗာစီတီ၏ အုပ်ချုပ်ရေးဘက်ကို ကြည့်ပါလေဦး။ ကောင်စီအဖွဲ့ဝင် ၅၆ဦးအနက် မြန်မာငါးယောက်သာ ပါနိုင်ခွင့်ရှိ၍ ဆီးနိတ်အဖွဲ့ဝင် ၂၄ဦးအနက် မြန်မာ ၂ဦးသာ ပါနိုင်ခွင့်ရှိလေသည်။ အဘယ်မှာ ကျေနပ်စရာ ရှိပါသနည်း။

ထိုဥပဒေကြမ်းနှင့်စပ်၍ ၁၉၂၀၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ဂျူဗလီဟော၌ ဝိုင်အမ်ဘီအေက မြို့လုံးကျွတ် အစည်းအဝေးလုပ်လေသည်။ ကောလိပ်ကျောင်းသားများ၊ အရပ်သားများ၊ သံဃာများဟူ၍ ပရိသတ်၅၀၀ခန့် တက်ရောက်ကြလေသည်။ ထိုအစည်းအဝေးတွင် ဝတ်လုံဦးချစ်လှိုင် မလာနိုင်ဖြစ်၍ ဦးဘောက သဘာပတိလုပ်လေသည်။ ရှေ့ဆောင်ရှေ့ရွက် ပါဝင်ပြောဆိုကြသူများကား ရဟန်းတော် ဦးဝေပုလ္လနှင့် ဝိုင်အမ်ဘီအေ အဖွဲ့ဝင်များဖြစ်ကြသော ဝတ်လုံဦးဘစိ၊ ဝတ်လုံ ဦးစိန်လှအောင်၊ သာယာဝတီ ဦးပု၊ ဦးတုတ်ကြီး၊ ဦးလူကြီးတို့ ဖြစ်ကြသည်။

ထိုအစည်းအဝေး၏ သဘောထားကား ယူနီဗာစီတီ ဥပဒေမူကြမ်းကို အုပ်ချုပ်ရေးအသစ် စတင်ဆောင်ရွက်သည့် အချိန်အထိ ဆိုင်းငံ့ထားစေချင်လေသည်။ အရပ်ရပ်တွင် ကောလိပ်ကျောင်းများ အခြေခံသည့် ယူနီဗာစီတီ ဖြစ်စေချင်လေသည်။ ၁၀တန်းအောင်ပြီးလျှင် ယူနီဗာစီတီသို့ တိုက်ရိုက်ဝင်ခွင့်ပြုစေချင်လေသည်။ အမ်အေ၊ အမ်အက်စ်စီတန်းကို ဂုဏ်ထူးနှင့်အောင်မှ ဝင်ခွင့်ပြုသည့် အချက်ကို ပယ်ရှားပစ်စေချင်လေသည်။ ဤတွင် မက်ဟန်းတားနှင့်စပ်၍ သာယာဝတီဦးပု၏ ပြောဆိုပုံမှာ အတော်ထိလေသည်။ ထိုပုံမှာ ဟန်းတား၏ ဥပဒေကြမ်းသည် မြန်မာ့တိုးတက်ရေးကို ဟန့်တားရာရောက်သဖြင့် ဟန်းတားမဟုတ် ဟန့်တားဥပဒေဟု ခေါ်တွင်စေသင့်ကြောင်းဟူ၍ ဖြစ်လေသည်[၂၇]။

ကရက်ဒေါက် အစိုးရကား ခေါင်းမာလှသည်။ ဝိုင်အမ်ဘီအေ၏ ဆုံးဖြတ်ချက်ကို အရေးမယူသည့်အပြင် ဟန်းတားဥပဒေကြမ်းကို မင်းတိုင်ပင်ကောင်စီ

mgyoe.com

တွင် တင်လေသည်။ ထို ဥပဒေကြမ်းသည်လည်း ဦးမေအောင် အပါအဝင် ဘက်တော်သား အမတ်များ၏ ထောက်ခံချက်ဖြင့် ဒီဇင်ဘာလ ၁ရက်နေ့တွင် အတည်ဖြစ်သွားလေသည်။ ထို့ကြောင့် ဒီဇင်ဘာလ ၇ရက်နေ့တွင် ရယ်ဂျိနယ် ကရက်ဒေါက်သည် ရန်ကုန်ယူနီဗာစီတီသစ်ကို အခမ်းအနားဖြင့် ဖွင့်ပေတော့မည်။

ထိုအစီအစဉ်သည် ကောလိပ်ကျောင်းသားတွေနှင့် ထိပ်တိုက်တွေ့လာတော့သည်။ ဒီဇင်ဘာလ ၃ရက်နေ့ နံနက်ပိုင်းအချိန်တွင် ရွှေတိဂုံစေတီရင်ပြင် စနေထောင့်၊ ညောင်ပင်အောက်၌ ရန်ကုန်ကောလိပ်ကျောင်းသား ၁၁ဦး ချိန်း တွေ့ကြလေသည်။ ထို၁၁ဦးတွင် ဘီအေအထက်တန်း (စတုတ္ထနှစ်) ကျောင်းသား ကိုဘဦး၊ ဘီအက်စ်စီအထက်တန်းကျောင်းသား ကိုဖိုးကွန်း၊ အိုင်အေ အောက်တန်း ကျောင်းသား ကိုအောင်ဒင်တို့ ပါကြသည်။ ထို ၁၁ဦးသည် ယူနီဗာစီတီ အသစ်ကို သပိတ်မှောက်သင့်မသင့် ဆွေးနွေးတိုင်ပင်ကာ နောက် တစ်နေ့၌ ကျောင်းသားထု အစည်းအဝေးလုပ်ရန် စီစဉ်ကြလေသည်။

အစီအစဉ်အရ နောက်တစ်နေ့ မွန်းလွဲအချိန်တွင် ဗဟန်း ကြားတောရလမ်း ရွှေကျင်တိုက် ဦးအရိယ ကျောင်း အပေါ်ထပ်၌ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသား ၅၀၀ ခန့် စုဝေးမိလေသည်။ ထိုအစည်းအဝေး တွင် အချေအတင် ဆွေးနွေးကြရာ

- သပိတ်မှောက်ပြီးမှ လိုရာတောင်းမည်။

သို့မဟုတ်

- လိုရာတောင်း၍ မရမှ သပိတ်မှောက်မည်ဟူ၍ လမ်းစဉ်နှစ်ခု ကွဲထွက်လာလေသည်။

ပထမ လမ်းစဉ်ကို ရန်ကုန်ကောလိပ် ကျောင်းသား ကိုဘဦးက ခေါင်းဆောင်တင်ပြ၍ ဒုတိယ လမ်းစဉ်ကို ဂျပ်ဆင်ကောလိပ်မှ ဘီအေ အောက်တန်း (တတိယနှစ်) ကျောင်းသား ကိုဖိုးကျားက ခေါင်းဆောင်တင်ပြလေသည်။ ကိုဖိုးကျားက တင်ပြရင်း–

ရွှေခါချဉ်မာန်ကြီးလို့
တောင်ကြီးဖြိုမဲ့ကြံ
ခါးက မသန်

ဟူသော စာကလေးရွတ်ကာ ရွတ်ကာနှင့် ကျောင်းသားတွေ ချိန်ချိန်ဆဆလုပ်ရန် သတိပေးလိုက်ပေသေးသည်။ ထိုအခါ မဲဆန္ဒယူကြရလေသည်။ မဲခွဲလိုက်သောအခါ ကိုဘဦးဘက်က အနိုင် ရလေသည်။ (နှစ်ဖက်သော)

mgyoe.com

mgyoe.com

ကျောင်းသားထုသည်လည်း ယူနီဗာစီတီသစ်ဖွင့်မည့် ၇ရက်နေ့တွင် ကျောင်းခန်းမှ စာအုပ်ပိုက်၍ ထွက်ခွာသပိတ်မှောက်ကြရန် သဘောတူလိုက်ကြလေသည်။ ထို့နောက် သပိတ်ကိစ္စကို တာဝန်ယူရန်ဟူ၍ ကိုဘဦးကို ဥက္ကဋ္ဌအဖြစ် ထားပြီးလျှင် ရန်ကုန်ကောလိပ်မှ ဘီအက်စ်စီ အထက်တန်းကျောင်းသား ကိုဖိုးကွန်း၊ ဘီအက်စီ အထက်တန်းကျောင်းသား ကိုမြ၊ ဘီအေ အထက်တန်းကျောင်းသား ကိုလူဖေဝင်း၊ ဘီအေအထက်တန်းကျောင်းသား ကိုစိုးဝင်း၊ အိုင်အေ အထက်တန်း (ဒုတိယနှစ်)ကျောင်းသား ကိုဘခင်၊ အိုင်အေ အထက်တန်းကျောင်းသား ကိုထွန်းဖေ စသော ကျောင်းသားနှစ်ဆယ်နှင့် ဂျပ်ဆင်ကောလိပ်မှ ဘီအေအထက်တန်းကျောင်းသား ကိုမြင့်၊ ဘီအေ အထက်တန်းကျောင်းသား ကိုဖိုးလတ်၊ ဘီအေ အောက်တန်းကျောင်းသား ကိုဖိုးကျား စသော ကျောင်းသားခြောက်ဦးပါဝင်သော ၂၆ဦး ကော်မတီကို ဖွဲ့စည်းလိုက်လေသည်။

ကြုံကြိုက်နေသည်မှာ ထိုညတွင် သုစရိတယုဝအသင်း ရန်ပုံငွေအတွက် ဂျူဗလီဟော၌ သီဆိုကပြရန် ပွဲရှိနေလေသည်။ ထိုပွဲတွင် ကောလိပ်ကျောင်းသားများ ပါဝင်နေသည်လည်းဖြစ်၊ ကျောင်းဆောင်များနှင့် နီးသည်လည်းဖြစ်၍ ကျောင်းသားအများပင် သွားရောက်ကြည့်ကြလေသည်။

ပွဲတွင် ရန်ကုန်ကောလိပ်ကျောင်းသား ကိုဘတင်နှင့် ကိုကိုကြီးတို့က မင်းသား မင်းသမီးအဖြစ် နှစ်ပါးသွား ကကြလေသည်။ ထို့ပြင် ဒုစရိုက်သုံးထွေ အမည်ခံ ဘဲလေးဇာတ်ပါပြြန်ရာ ဂျပ်ဆင်ကောလိပ်ကျောင်းသား ကိုမြင့်က ခေါင်းတွင် ပန်းတွေဝေအောင် ပန်၍ ပန်းသည်အသွင် သရုပ်ဆောင်ရလေသည်။ ထို့ကြောင့်—

ထဘီမနိုင် ပဝါမနိုင်
ခေါင်းက ပန်းခိုင်ကျွတ်ရချေရဲ့

ဟူသော သီချင်းအတိုင်း အပိုးသမားများ ကိုကြာဇူပါတွေ တွင်တွင်သုံး၍ မူလေဟန်—ပါဝင် ကပြလေသည်။ ကိုမြင့်၏ အမူအရာမှာ ဟန်ပါလှသဖြင့် အရပ်သား၊ ကျောင်းသားပွဲကြည့် ပရိသတ်မှာ အူနှိပ်၍ ရယ်နေကြရပေ၏။ သို့ရာတွင် ပွဲကြည့်နေသော ကောလိပ်ကျောင်းသားများ အကြားတွင် ကောလိပ်ကျောင်းကို သပိတ်မှောက်တော့မည်ဟူသော တီးတိုးစကားများသည် တစ်ဦးမှ တစ်ဦးသို့ ကူးစက်ပျံ့နှံ့လျက် ရှိချေသည်။

ဤတွင် သပိတ်မှောက်လိုက်ကြသည်မှာ နောက်တစ်နေ့တွင် ဖြစ်လေသည်။ မူလက ခုနစ်ရက်နေ့တွင် သပိတ်မှောက်ရန် ဖြစ်သော်လည်း ကျောင်းအာဏာပိုင်များ သိသွားသဖြင့် ကြိုတင်သပိတ်မှောက်လိုက်ရခြင်း ဖြစ်သည်။ ထို့

mgyoe.com

mgyoe.com SAMPLE BOOK
ကြောင့် ဒီဇင်ဘာလ ၅ရက်နေ့ (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်) နံနက် ထမင်းစားပြီးချိန်တွင်–

– ဘွိုင်ကော့လုပ်ပြီ (သပိတ်မှောက်ပြီ)
– အမျိုးကို ချစ်ခင်ကြပါ
– နိုးကြားကြပါ
– ထွက်ခဲ့ကြ မိတ်ဆွေများ
– ဗဟန်းကို သွားကြမယ်

ဟူသော အသံတွေလည်း ကျောင်းဆောင်ပတ်ဝန်းကျင်မှ ရှေ့ဆင့်နောက်ဆင့် ထွက်လာလေသည်။ ကျောင်းဆောင်နေ ကျောင်းသားများ တစ်သုတ်ပြီး တစ်သုတ် ထွက်ကာ ဘုရားလမ်းပေါ်တွင် ပြေးနေသော ဓာတ်ရထားပေါ်သို့ တက်ကြတော့သည် [၂၈]။ ထို့နောက် ကိုအောင်ဒင်က ကြိုတင်စီစဉ်ထားသည့် အတိုင်း အသီးသီး အသက ကျောင်းဇရပ်များတွင် ခိုလှုံကြလေသည်။

ယူနီဗာစီတီ သပိတ်ကား စလေပြီ။ သပိတ်မှောက် ကျောင်းသားတွေကို ရန်ကုန်ကောလိပ်ကျောင်းအုပ်ကြီးနှင့် ဆရာအချို့က ကျောင်းပြန်ရန် လာခေါ်ကြပါ၏။ သူတို့က မလိုက်။ သူတို့ခေါင်းဆောင် ၂၆ ဦး ကော်မတီ ဝါ သပိတ်မှောက်ကျောင်းသားများ ကောင်စီသည် ဒီဇင်ဘာလ ၆ရက်နေ့မှစ၍ သပိတ်တားသည့် အစီအစဉ်ကို လုပ်သည်။ ဒီဇင်ဘာလ ၈ရက်နေ့တွင် သပိတ်မှောက်ရသည့် အကြောင်းကို တိုင်းပြည်အား ကြေညာသည်။ ဒီဇင်ဘာလ ၁၉ရက်နေ့တင် ယူနီဗာစီတီ အုပ်ချုပ်ရေးရုံးသို့ လိုလားချက် ပေးပို့သည်။

ထိုယူနီဗာစီတီ သပိတ် စလိုက်သည့် ရက်အနည်းငယ်အတွင်း၌ပင် ရန်ကုန်ရှိ စိန်ပေါ၊ မက်သဒစ်၊ အစိုးရဟိုက်စကူး စသော ယောကျ်ားကလေး ကျောင်းများ၊ စိန်မေရီ၊ အေဘီအမ် စသော မိန်းကလေးကျောင်းများသည် လိုက်၍ သပိတ်မှောက်တော့သည်။ ယောကျ်ားကလေးကျောင်းမှ ကျောင်းသားများလည်း ဗဟန်းသပိတ်စခန်းသို့ လာ၍ ပေါင်းလေသည်။ ထိုသပိတ်မှောက် ကျောင်းသားများ၏ စားရေးသောက်ရေးအတွက် သိမ်ကြီးဈေး ဈေးသူ ဈေးသားများ၊ အရပ်ထဲမှ မြို့မိမြို့ဖများက ဆန်၊ ဆီ၊ ဆား၊ သားငါး ဟင်းလျာ ထောက်ပံ့လေသည်။ ထိုရန်ကုန်သပိတ်သည်လည်း အနယ်နယ်အရပ်ရပ်ရှိ အထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများသို့ ကူးစက်ပျံ့နှံ့သွားပါတော့သည်။

သပိတ်မှောက်ကျောင်းသားများ၏ စည်းရုံးမှုကား အံ့သြစရာပင်။ တစ်ရံခါ၌ မန္တလေးမှ သပိတ်မှောက်ကျောင်းသားများသည် မန္တလေးသို့ ဓာတ်က

mgyoe.com

 SAMPLE BOOK 

ရန် ရောက်နေသော ဓာတ်မင်းသားကြီး ဦးဘိုးစိန်ထံသို့ အလှူငွေ သွားခံကြလေသည်။ ခါတိုင်းဆိုလျှင် ဦးဘိုးစိန်သည် အလှူအတန်း ရက်ရောသူဖြစ်ပါ၏။ သို့ရာတွင် သပိတ်ကိစ္စတွင်ကား–

"မင်းတို့ သူပုန်တွေ"

စသည်ဖြင့် မချေမငံ ပြောလွှတ်လိုက်လေသည်။ ထိုအခါ ကျောင်းသားများ၏ လှုံ့ဆော်ချက်ဖြင့် မန္တလေးပွဲကြည့် ပရိသတ်က ဦးဘိုးစိန်ကို သပိတ်မှောက်လိုက်ကြလေသည်။

ဦးဘိုးစိန်လည်း မန္တလေးမှ ရန်ကုန်သို့ ပြန်ဆင်းလေသည်။ ပြန်အဆင်း ပဲခူးသို့ဝင်၍ ပွဲကမည် လုပ်လေသည်။ သို့ရာတွင် မန္တလေး သပိတ်မှောက်ကျောင်းသားများထံမှ သံကြိုးစာကို ပဲခူး သပိတ်မှောက် ကျောင်းသားများက ရထားခဲ့လေပြီ။ သူတို့၏ လှုံ့ဆော်ချက်ဖြင့် ပွဲပျက်ပြန်လေသည်။ ဦးဘိုးစိန်သည် စိတ်မလျှော့။ ရန်ကုန်မြို့ကြီးတွင် ကျောင်းသားတွေ မလွှမ်းနိုင်ဟု ယူဆပုံရလေသည်။ သူသည် ကျားကူးသိမ်အနီး မြေကွက်လပ်တွင် ဓနိရုံထိုး၍ ပွဲကရန် စီစဉ်ပါလေသည်။ ထိုအခါတွင် ရန်ကုန်မှ သပိတ်မှောက်ကျောင်းသားများ၏ လှုံ့ဆော်ချက်သည် ထိရောက်လှသဖြင့် ပွဲကြည့်ဖို့နေနေသာသာ ပွဲဈေးတန်းသို့ သားရေစာ လာရောက်စားသူပင် မရှိသလောက် ဖြစ်ခဲ့လေသည်။ ဦးဘိုးစိန်သည် ကျောင်းသားများကို ဝန်ချတောင်းပန်ရတော့သည်။

ကျောင်းသားအချင်းချင်းသည်လည်းကောင်း၊ ကျောင်းသားနှင့်ပြည်သူတို့သည်လည်းကောင်း ပို၍ စည်းလုံးစရာ အခြေအနေလည်း ပေါ်ပေါက်နေလေသည်။

သပိတ်မှောက်စအချိန်တွင် အင်္ဂလန်မှ လေဘာပါတီဝင်လည်းဖြစ်၊ ပါလီမန်အမတ်လည်းဖြစ်သော ကာနယ်ဝက်ချ်ဝုဒ (Col. Joshia Wedgewood) နှင့် ဇနီးဖြစ်သူသည် ရန်ကုန်သို့ ရောက်လာခဲ့ကြသည်။ ထိုအခါ ဝိုင်အမ်ဘီအေ အဖွဲ့ဝင် ဝတ်လုံ ဦးဘဒွန်း ကြီးမှူး၍ ရန်ကုန်မြို့သူ မြို့သားများက ကာနယ်ဝက်ချ်ဝုဒတို့ ဇနီးမောင်နှံကို ဂျူဗလီဟော၌ ဧည့်ခံ ဝတ်ပြုလေသည်။ ကျောင်းသားသပိတ်ကိစ္စကိုလည်း တင်ပြလေသည် [၂၉]။ နောက်ရက်များတွင် သပိတ်မှောက် ကျောင်းသားများက ကာနယ်ဝက်ချ်ဝုဒကို တွေ့ဆုံ၍ သပိတ်ကိစ္စ တင်ပြပြန်လေသည်။ ထိုအခါ ကာနယ်ဝက်ချ်ဝုဒက ကျောင်းသားများကို ကျောင်းပြန်တက်ရန် မေတ္တာရပ်လေသည်။ ဘုရင်ခံ ကရက်ဒေါက်ကိုလည်း အကျိုးအကြောင်း တင်ပြပေးမည်ဟု ဆိုလေသည်။

ဤတွင် ကာနယ်ဝက်ချ်ဝုဒက တင်ပြ၍သော်လည်းကောင်း၊ ကျောင်းသားတွေက လိုလားချက်ပေးပို့၍သော်လည်းကောင်း မည်သို့မျှ အကြောင်းထူးမလာ။

mgoe.com

mgyoe.com SAMPLE BOOK

ရယ်ဂျီနယ်ကရက်ဒေါက်နှင့် ယူနီဗာစီတီ အုပ်ချုပ်ရေးရုံးတို့က မလျှော့။ မာမာ တင်းတင်းသာ ပြုမူနေလေသည်။ ဘုရင်ခံ ရယ်ဂျီနယ် ကရက်ဒေါက်ကိုယ်တိုင် လည်း ၁၉၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၅ရက်နေ့ညတွင်လုပ်သော အင်္ဂလိပ်ကုန်သည် ကြီးများအသင်း ညစာစားပွဲ၌ သပိတ်ကိစ္စကို မဖွယ်မရာ ပြောသွားလေသေး သည်။

ရှင်းပါဦးအုံ့။ သပိတ်မှောက်သည့်အမှုကို အင်္ဂလိပ်ဘာသာတွင် Boy-cottဘွိုင်ကော့(လုပ်သည်)ဟု ခေါ်လေသည်။ ဘွိုင်ကော့အမည်ရှိ အခွန်ကောက် သူတစ်ဦးကို အခွန်ထမ်းများက စ၍ သပိတ်မှောက်သည်ကို အစွဲပြု၍ ဤအမည် တွင်လာခြင်းပင်။ တစ်ဖန် အင်္ဂလိပ်ဘာသာတွင် Boy (ဘွိုင်)ပုဒ်သည် ယောကျ်ား ကလေး၊ Girl (ဂဲလ်)ပုဒ်သည် မိန်းကလေးဟူ၍ အနက်ထွက်လေသည်။ ထို အခါ ဘွိုင်ကော့၏ မူလအနက်ကို ဖျက်၍

(အင်္ဂလိပ်ဘာသာ)ဘွိုင်– (မြန်မာဘာသာ)ကော့

ကောင်ကလေးတွေ– ကော့ (သည်)

ဟူ၍ သပိတ်ကိစ္စတွင် ပြက်ရယ်စကား သုံးခဲ့ကြလေသည်။ ယခု ဘုရင်ခံသည် ထမင်းစားပွဲ၌ ယောကျ်ားကလေးများ ဘွိုင်ကော့(လုပ်)သကဲ့သို့ မိန်းကလေးများလည်း ဂဲလ်ကော့(လုပ်)သည်ဟု လူကြီးမပီမသ မဖွယ်မရာစကား ပြောခဲ့လေသည်။ ထို့အတူ ယူနီဗာစီတီရုံးက ကျောင်းသားတွေ၏ လိုလားချက် ကို လုံးဝ အကြောင်းမပြန်။ ၁၉၂၁ခုနှစ် ဇန်နဝါရီလ ၅ရက်နေ့ နောက်ဆုံး ထား၍ ကျောင်းပြန်တက်ရန်သာ အမိန့်ထုတ်နေလေသည်။

သပိတ်မှောက် ကျောင်းသားတို့ကား သပိတ်ပြန်မလှန်။ ထိုအခါ သူတို့၏ ပညာရေးကို မထိခိုက်ရအောင် နည်းလမ်းရှာရပေတော့မည်။ ၂၆ ဦး သပိတ် မှောက် ကျောင်းသားကောင်စီသည် တာဝန်သိသိ စဉ်းစားလေသည်။

ထိုအခါတွင်လည်း ဝိုင်အမ်ဘီအေ အဖွဲ့သည် ယမန်နှစ်က ပြည်မြို့နှစ် ပတ်လည် အစည်းအဝေး၌ ဆုံးဖြတ်ချက်ချခဲ့သည့်အတိုင်း အလားတူအသင်း တွေ ပူးပေါင်း ပူးပေါင်းခဲ့သည်ကို အကြောင်းပြုကာ အင်္ဂလိပ်ဘာသာ အတို ကောက်ဖြင့် ဂျီစီဘီအေ (General Council Of Burmese Associations)၊ မြန်မာဘာသာဖြင့် မြန်မာအသင်းချုပ်ကြီးဟူ၍ အမည်သစ်ယူ အားသစ်ယူလာခဲ့ လေပြီ။ ဝတ်လုံ ဦးချစ်လှိုင်ကိုလည်း ဥက္ကဋ္ဌသစ် ပြန်မြှောက်ခဲ့လေပြီ။

၂၆ဦး ကောင်စီနှင့် ဂျီစီဘီအေသည် အိန္ဒိယ၏ နမူနာကို ကြည့်လေ သည်။ အိန္ဒိယတွင် ကွန်ဂရက်ပါတီက ဦးဆောင်၍ အစိုးရသြဇာကင်းသော အမျိုးသားရေးကို အဓိကထားသော နေရှင်နယ်အမျိုးသားကျောင်းတွေနှင့် နေရှင်

mgyoe.com

နယ် အမျိုးသားကောလိပ်တွေ ထူထောင်နေသည်ကို လေ့လာမိလေသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးတွင် နေရှင်နယ် အမျိုးသားကျောင်းတွေ ထူထောင်ရန်လည်းကောင်း၊ ဂျီစီဘီအေ လက်အောက်ခံ(တည်ထောင်ပြီး) ကျောင်းများကို နေရှင်နယ် အမျိုးသားကျောင်းများအဖြစ် ပြောင်းလဲရန်လည်းကောင်း၊ ရန်ကုန်တွင် နေရှင်နယ်အမျိုးသားကောလိပ်ကို တည်ထောင်ရန်လည်းကောင်း ဆုံးဖြတ်ချက် ချခဲ့ကြလေသည်။

တစ်ဖန် ကျောင်းအဆောက်အအုံ ရရှိရေး၊ ကျောင်းစာသင်ကြားရေး၊ စာမေးပွဲ ကျင်းပရေး အစစကိုကြီးကြပ်ရန် သပိတ်မှောက် ကျောင်းသားများနှင့် ဂျီစီဘီအေ လူကြီးများပါဝင်လျက် အမျိုးသားပညာရေးကောင်စီ ခေါ် စီအင်န်အီး (Council of National Education) ကို ဖွဲ့စည်းလိုက်လေသည်။ ဥက္ကဋ္ဌမှာ (တစ်လ တစ်ထောင်စား ချိကုတ်တရားလွှတ်တော် ဝန်ထောက်ရာထူးမှ နုတ်ထွက်လာသော) ဂျီစီဘီအေ အဖွဲ့ဝင် အမ်အေ ဦးမောင်ကြီးဖြစ်၍ အတွင်းရေးမှူးမှာ ဂျီစီဘီအေ အဖွဲ့ဝင် မြေပိုင်ရှင် ဦးမောင်မောင်အုံးခိုင် ဖြစ်လေသည်။ ကောင်စီဝင်များကား သူရိယဦးဘအော၊ ဝတ်လုံဦးပု၊ ဒေါက်တာ ဘရင်၊ ဒေါက်တာ သိန်းမောင်၊ သာယာဝတီ ဦးပု၊ ပွဲစားကြီး ဦးဘိုးတက်၊ ပွဲစားကြီး ဦးဘိုးခိုင် စသော ဂျီစီဘီအေ အဖွဲ့ဝင်များနှင့် ကိုဖိုးကျား၊ ကိုဖိုးလတ်၊ ကိုမြင့်၊ ကိုစိုးဝင်း၊ ကိုဘဦး စသော ၂၆ဦး ကော်မတီဝင်များ ဖြစ်ကြလေသည်။

လုပ်ငန်းကိုဆိုရသော် ၁၉၂၁ခုနှစ်၊ မတ်လ၌ သပိတ်မှောက်ကျောင်းသားများအတွက် ၇တန်း၊ ၁၀တန်း စာမေးပွဲများကို ကျင်းပခဲ့လေသည်။ ကောလိပ်စာမေးပွဲများကိုလည်း ကျင်းပပေး၍ အေရာဇတ်၊ ကိုလူဖေဝင်း၊ ကိုစိုးဝင်း၊ ကိုဘဦး၊ ကိုမြ စသူများသည် ဘီအေ ဘီအက်စ်စီ အောင်မြင်ခဲ့ကြလေသည်။ ထို့ပြင် ရန်ကုန်မြို့ ဗဟန်း၊ ပုဇွန်တောင်၊ ကြည့်မြင်တိုင်အရပ်များတွင် အမျိုးသား ကျောင်းတွေ ပေါ်ပေါက်လာလေသည်။ နိုင်ငံအရပ်ရပ်တွင် အမျိုးသားကျောင်းတွေ ပေါ်ပေါက်လာလေသည်။ စုစုပေါင်းဆိုလျှင် ကျောင်း၁၄၀ကျော်ပေ၏။

ထိုကျောင်းတွေ ဖြစ်ရအောင်ဟူ၍ ရန်ကုန်ဗဟိုကောင်စီမှ ကျောင်းသားကြီးများသည်လည်း ပါဝင်ကြီးကြပ်ခဲ့ရလေသည်။ ပမာအားဖြင့် ကိုဖိုးလတ်သည် ဗဟန်း(မြို့မ)အမျိုးသားကျောင်းကို ဦးစီးရသည်။ ကိုလူဖေဝင်းသည် အင်္ဂပူသို့လည်းကောင်း၊ ကိုမြင့်သည် ညောင်လေးပင်သို့ လည်းကောင်း၊ ကိုဘခင်သည် မန္တလေးသို့ လည်းကောင်း၊ အမျိုးသားကျောင်း သွားရောက်ထူထောင်ရသည်။ ကိုဖိုးကျား၊ကိုစိုးဝင်းတို့သည် ပညာဝန်များအဖြစ် တာဝန်ယူကြရသည်။

mgoe.com

mgoe.com

ဤအရေးတွင် မိန်းမများဘက်ကလည်း တက်တက်ကြွကြွ ရှိလေသည်ပင်။ ကောလိပ်ကျောင်းသူ မမြသိန်း၊ စိန့်မေရီကျောင်းသူ မစိန့်နှင့် ဆရာမ မနှင်းလွင်၊ အေဘီအမ် ကျောင်းသူ မလှရွှေ၊ မက်သဒစ်ကျောင်းသူ ခင်ခင်ကြီး စသူတို့သည် မြို့မအမျိုးသမီးကျောင်း ထူထောင်ရာတွင် ပါဝင်ခဲ့ကြလေသည်။ အမ်အေ ဦးမောင်ကြီး၏ ယောက္ခမဖြစ်သူ ဒေါ်ကြီးကြီးသည် ကြည့်မြင်တိုင်ဘက်တွင် မိန်းကလေးကျောင်း ထူထောင်ရန် မြေနှင့် အဆောက်အအုံ လှူလေသည်။ ထို့အတူ၊ ကျောင်းထူထောင်ရာတွင် အပြင်အပမှ ဝင်ရောက်ကူညီလာသော ပုဂ္ဂိုလ်များ၏ စိတ်ထားသည်လည်း ချီးကျူးဖွယ်ရာ ဖြစ်လေသည်။ အစိုးရ ပညာအုပ်လုပ်နေသော ဦးဘလွင်သည် အလုပ်ထွက်၍ ပုဇွန်တောင် အမျိုးသားကျောင်းတွင် ကျောင်းအုပ် လာလုပ်နေလေသည်။ ဦးဘလွင်နည်းတူပင် ဦးဘချိုသည်လည်း ပညာအုပ်အလုပ်မှထွက်၍လည်းကောင်း၊ ဆရာလွန်းသည် သူရိယ သတင်းစာတိုက်မှ အလုပ်ထွက်၍လည်းကောင်း၊ အမျိုးသားကောလိပ် ထူထောင်ချိန်တွင် ထိုကောလိပ်၌ မြန်မာစာပေဆရာ၊ ရာဇဝင်ဆရာ လာလုပ်လေသည်။

ထို နေရှင်နယ်အမျိုးသားကောလိပ် ထူထောင်သည့်နေ့ရက်မှာမူ အနည်းငယ် နောက်ကျလေသည်။ အမျိုးသားပညာရေးကောင်စီက ကျင်းပသော စာမေးပွဲ အောင်စာရင်းများကို စောင့်ဆိုင်းနေရသဖြင့် ၁၉၂၁ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင်မှ ဝတ်လုံဦးပုအား ကျောင်းအုပ်ခန့်၍ ဖွင့်လှစ်နိုင်ခဲ့လေသည်။ တည်နေရာသည်လည်း ဗဟန်းရပ် ရွှေကျင်ကျောင်းတိုက်ပင် ဖြစ်လေသည်။ ထိုကောလိပ်ကျောင်းတွင် ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များကို သင်ကြားပေးလေသည်။ ကျောင်းသားဦးရေမှာ ၇၀ ရှိလေသည်။

ထိုကျောင်းများသည် အစိုးရကျောင်းများနှင့် မတူစေဘဲ ပညာအရပ်ရပ်ကို မြန်မာဘာသာဖြင့် သင်နိုင်အောင်၊ အသက်မွေးဝမ်းကျောင်း ပညာပါလာအောင် နည်းလမ်းရှာလာကြလေသည်။ ထို့အပြင် အထက်တန်း၊ အလယ်တန်းကျောင်းများတွင် တစ်နှစ် နှစ်တန်း တက်နိုင်အောင် အစီအစဉ်များ ချပြလေသည်။ အမျိုးသားကောလိပ်တွင်မူ ဝိဇ္ဇာပညာနှင့်စပ်၍ မြန်မာမှု၊ မြန်မာရာဇဝင်ကို ရသခံနိုင်အောင်၊ တိုင်းချစ်ပြည်ချစ်စိတ်တိုးအောင် သင်ကြားပေးလေသည်။ သိပ္ပံပညာဘက်တွင်လည်း ဓာတ်ခွဲကိရိယာ အဆင်သင့်ထားရှိကာ စက်မှုပညာ၊ သတ္တုတူးဖော်နည်းပညာ စသော အသက်မွေးဝမ်းကျောင်း ပညာများကိုပါ ထည့်သွင်းသင်ကြားစ ပြုလေသည်။ တစ်ခုဆိုစရာ ရှိပါလေသည်။ အမျိုးသားကျောင်း၊ အမျိုးသားကောလိပ်သည် ပြည်သူ့အထောက်အပံ့နှင့် နေရသဖြင့်

mgoe.com

mgyoe.com SAMPLE BOOK

ဘဏ္ဍာရေး အခြေအနေ မတောင့်တင်းလှ။ သို့ရာတွင် ပြည်သူတို့၏စိတ်ဓာတ် အဟုန်ကား ကြီးမားလှသည်ဟု ဆိုရပေမည်။

နိုင်ငံရေးနယ်ဘက် သတ်သတ်ကြည့်ပါလေ။ ဦးဥတ္တမ ကိုယ်တော်သည် ဒေးဒရဲမြို့နယ် ဆူးကလပ်ဘက်၌ ပြည်သူပြည်သားတို့အား နိုင်ငံရေးတရား ဟောခဲ့ရာမှ အဖမ်းခံရလေသည်။ အစိုးရက ရဟန်းသံဃာများ နိုင်ငံရေးတရား ဟော၍ ဖမ်းဆီးသည်မှာ ဤအကြိမ် ပထမ ပေတည်း။ ရဟန်းသံဃာများမှာ တစ်နည်းတစ်ဖုံအားဖြင့် ပြည်သူ့အကျိုးစီးပွားနှင့် ပူးတွဲနေသည်ဖြစ်ရာ အဘယ်မှာ နိုင်ငံရေးကို လက်ပိုက်ကြည့်နေနိုင်ပါမည်နည်း။ ထို့ကြောင့် လူ့အဖွဲ့အစည်း နည်းတူ သံဃသာမဂ္ဂီအသင်းများလည်း ပေါ်ပေါက်လာကြရပေတော့သည်။ ထို့အတူ အမျိုးသမီးပိုင်းကလည်း ကုမ္မာရီအသင်းတွေ အသင်းတွေကို တစ်ဖက် တစ်လမ်း တိုး၍တိုး၍ ဖွံ့လာကြရသည်။

ထိုအတောအတွင်း မန္တလေး၌ နဝမမြောက် ဂျီစီဘီအေ အစည်းအဝေး ကျင်းပခဲ့လေသည်။ ခမ်းနားကြီးကျယ်လှပါပေ၏။ တာရဲတန်း၊ ငါးဟဲ့ဆန်စက် ဝင်းထဲတွင် မဏ္ဍာပ်အကြီးအကျယ်ထိုး၍ ကျင်းပရာ အောက်တိုဘာလ ၂၁ ရက် မှ ၂၄ ရက်နေ့အထိ ၄ ရက်တိုင်တိုင် ကြာလေသည်။ (အပြင်လူရော ကိုယ်စား လှယ်ပါ) လူတစ်သိန်းကျော် တက်သည်ဟူ၍ ခန့်မှန်းကြလေသည်။ အစည်း အဝေးစသည့် ပထမနေ့တွင် ဥက္ကဋ္ဌကြီး ဦးချစ်လှိုင်နှင့် အမှုဆောင်အဖွဲ့ကို ရွှေထီးမိုး၍၊ စည်တော်ရွမ်း၍ ကြိုကြလေသည်။ ထို ပထမနေ့တွင် (မြန်မာမင်း လက်ထက်က အမှုထမ်းခဲ့သော) ဒီပဲရင်းဝန်ထောက် ဦးမြဲက သဘာပတိအဖြစ် ဆောင်ရွက်၍ နောက်နေ့များတွင်ကား ဦးချစ်လှိုင်က သဘာပတိအဖြစ် ဆောင် ရွက်လေသည်။

ထို နဝမမြောက်အစည်းအဝေးတွင်နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး ကိစ္စ အဝဝကို ဆွေးနွေးကြပါ၏။ ထိုကိစ္စများအနက် အရေးအကြီးဆုံးမှာ အောက်ပါ ဟုမ္မရူးကိစ္စ ဖြစ်လေသည်။

> မြန်မာအမျိုးသား အမျိုးသမီးတို့သည် မိမိတို့နိုင်ငံ၊ မိမိတို့ တာဝန်ခံအုပ်ချုပ်နိုင်သော အခြေသို့ ရောက်ရှိကြပြီဖြစ်၍ ဟုမ္မရူး ခေါ် လုံးလုံးတာဝန်ခံ အုပ်ချုပ်ခြင်းကို အမြန်ရရှိမှ ကျေနပ်ကြမည် ဖြစ်ကြောင်း ထို့ကြောင့် ၎င်းအုပ်ချုပ်ရေးစနစ် အမြန်ပေးအပ်ရန် တောင်းဆိုကြောင်းဖြင့် ဆုံးဖြတ်ခဲ့သည်ကို ဤအစည်းအဝေးက အတည်ပြုသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဟူ၍ ဦးချစ်လှိုင်က အဆိုပြုကာ မန္တလေးမှ ဝတ်လုံဦးစုက ထောက်ခံခဲ့လေသည်။

နောက်အရေးကြီးသော ကိစ္စတစ်ခုမှာ ပညာရေးနှင့် တစ်စိတ်တစ်ပိုင်း သက်ဆိုင်လေသည်။ ဆိုင်ပုံမှာ အစည်းအဝေး စတုတ္ထနေ့ နံနက်တွင် ကန်ကြီးထောင့်မြို့နယ် အသင်းချုပ်ကိုယ်စားလှယ် ဦးဘသော်က

> မြန်မာပြည်သူပြည်သားတို့သည် အမျိုးဘာသာ ပညာ သာသနာကို ချစ်မြတ်နိုးသည့် စိတ်ဓာတ် အမြဲမပြတ်ရှိပြီး အမျိုးဘာသာ ပညာ သာသနာရေးတို့ကို ကြိုးပမ်းလုပ်ဆောင်ရန် နှစ်စဉ်အမှတ်ပြုနိုင်ရေးအတွက် နေရှင်နယ်ဒေး ခေါ် အမျိုးသားနေ့တစ်နေ့သတ်မှတ်သင့်ကြောင်း–

အဆိုပြုလေသည်။ ထိုအခါ (သူရိယ) ဦးတုတ်ကြီးက သီပေါမင်းနန်းကျသောနေ့ကို လည်းကောင်း၊ ပျဉ်းမနား အေလာမှ ကိုယ်စားလှယ် ဦးဒွေးက ဦးဥတ္တမ ထောင်ကျသောနေ့ကို လည်းကောင်း သတ်မှတ်ရန် အကြံပေးလေသည်။ ထိုအကြံပေးချက်ကို အစည်းအဝေးသို့ တက်ရောက်လာသော ကျောင်းသားသပိတ် ကိုယ်စားလှယ်ဖြစ်သူ ကိုမြင့်က ဘဝင်မကျ။

> နန်းကျသောနေ့ ထောင်ကျသောနေ့များဟာ
> မင်္ဂလာမရှိပါ၊ အမင်္ဂလာ ဖြစ်ပါတယ်။
> ဇမ္ဗူဒီပါ လင်္ကာတောင်ကျွန်း ဩဘာနိမိတ်ထွန်းဆိုတဲ့ ရှေးသူတော်ကောင်းတို့ စကားအတိုင်း ရွေးချယ်သတ်မှတ်ဖို့ သင့်ပါတယ်။
> (ယူနီဗာစီတီ) အက်ဥပဒေကို သပိတ်မှောက်တဲ့ကိစ္စဟာ အင်္ဂလိပ်ခေတ်တွင် အင်္ဂလိပ်ဩဇာအာဏာ ဥပဒေကို ပထမဆုံး တော်လှန်ပုန်ကန်တဲ့ ကိစ္စဖြစ်ပါတယ်။
> အကျကိစ္စမဟုတ်၊ အတက်ကိစ္စ ဖြစ်ပါတယ်။
> အစုန်ကိစ္စမဟုတ်၊ အဆန်ကိစ္စ ဖြစ်ပါတယ်။
> တစ်နိုင်ငံလုံး နိုးကြားထကြွ သတိရပြီး ဝံသာနုရက္ခိတတရား ထွန်းကားလာပါတယ်။
> အဲဒီ အကြောင်းအကျိုးများကို ထောက်ထားဆင်ခြင်ပြီး ကျောင်းသားသပိတ်မှောက်သောနေ့ကို အမျိုးသားနေ့ဟု ရွေးချယ်သတ်မှတ်ပါရန်။

ဟူ၍ ကိုမြင့်က ထပ်မံအဆိုသွင်းပြန်လေသည်။ ထိုအခါ အစည်းအဝေးကြီးက အမျိုးသားနေ့ ရှိသင့်သည့်မှုကို လက်ခံလေသည်။ အဆိုသုံးခုအတွက်

mgyoe.com

ကိုကား ရန်ကုန်သို့ အမှုဆောင်လူကြီး ၃၅ယောက် ပြန်ရောက်သည့်အခါမှ ရွေးချယ်ရန်ဟူ၍ ဆုံးဖြတ်ခဲ့လေသည်။ ဤသည် ပြည်သူက မိမိအင်အားဖြင့် ပညာရေးနှင့် နိုင်ငံရေးကို ပြန်လည်ပျိုးထောင်ပုံ ဖြစ်လေသည် [၁၀]။

အခြားတစ်ဖက်တွင် အာဏာပိုင်များက သူတို့၏ပညာရေးနှင့် နိုင်ငံရေးကို မည်သို့ ကိုင်တွယ်နေကြသည်ကို ကြည့်ကြရဦးမည်။ သူတို့သည် သူတို့နှင့် ဆိုင်ရာ ကျောင်းများကို အရှိန်မပျက်အောင် ကြိုးစားလျက် ရှိလေသည်။ သူတို့ လက်အောက်ရှိ အရာထမ်း အမှုထမ်းများကို ခြိမ်းခြောက်၍ သားသမီးများကို အစိုးရကျောင်းများ၊ အစိုးရအထောက်အပံ့ခံ ကျောင်းများသို့ ပြန်ဝင်စေလေသည်။

ထို့ပြင် ယူနီဗာစီတီကို ဆက်၍ဖွင့်လေသည်။ အိုင်အေ၊ အိုင်အက်စ်စီ၊ ဘီအေ၊ ဘီအက်စ်စီ၊ ဘီအယ်လ်အတန်းများ ထားလေသည်။ ကျောင်းတက်သော ကျောင်းသားဦးရေကား ကောလိပ်နှစ်ကျောင်းမှ ကျောင်းသား ၈၅၆ ယောက် အနက် ၃၄၇ယောက် ဖြစ်လေသည်။ စာသင်နှစ်ကုန်သောအခါ စာမေးပွဲများ ကျင်းပ၍ ဘွဲ့ပေးရန်လည်း စီစဉ်လေသည်။

ဤတွင် ရန်ကုန်ယူနီဗာစီတီ၏ ပထမဆုံးအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပသော နေရာသည် ဂျူဗလီဟောပင် ဖြစ်တော့သည်။ နေ့ရက်ကား ၁၉၂၁ခု၊ နိုဝင်ဘာ ၂၈ရက်နေ့ ပေတည်း။

ထိုနေ့တွင် ဂျူဗလီဟော ခန်းမဆောင်ထဲတွင် ဌာနအကြီးအကဲများ၊ ချီကုတ်တရားလွှတ်တော် တရားဝန်ကြီးများ (တရားသူကြီးများ)၊ ရန်ကုန်မြူနီစီပါယ် အဖွဲ့ဝင်များ၊ ဆိပ်ကမ်းအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သုတေသနအသင်း အမှုဆောင်များ၊ ကုန်သည်ကြီးအသင်း လူကြီးများ၊ ကျောင်းအုပ်ဆရာကြီးများ၊ ဘွဲ့ရမှတ်ပုံတင်ပြီးသူများ စသည်ဖြင့် စုံစုံညီညီ ရောက်ရှိနေကြလေသည်။ ဘုရင်ခံကတော် အမှူးပြုသော ကတော်မယားများသည် အပေါ်ထပ်ရှေ့အဆောင်တွင် ထိုင်ကြ၍ ကောလိပ်နှစ်ကျောင်းမှ ကျောင်းသား ဧည့်သည်များသည် အပေါ်ထပ် ဘေးအဆောင်နှစ်ခုတွင် ထိုင်ကြလေသည်။

ထို့နောက် ယူနီဗာစီတီ ချန်စယ်လာ (အဓိပတိ)ဖြစ်သူ (ဒုတိယဘုရင်ခံ) ရယ်ဂျိနယ်ကရက်ဒေါက် အမှူးပြုသော အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် သက်ဆိုင်ရာ အာရှ၊ ဥရောပ၊ အမေရိကန် ယူနီဗာစီတီ ဘွဲ့ဝတ်လုံများ ဝတ်ဆင်၍ ခန်းမဆောင် ရှေ့ပေါက်မှ စီတန်းဝင်လာပြီးလျှင် စင်မြင့်ပေါ်တွင် နေရာယူကြလေသည်။ ထိုအခါ စင်မြင့်ပေါ်တွင် ဝတ်လုံ စိမ်း၊ နီ၊ ဝါ၊ ပြာ ဟူ၍ ရောင်စုံ မြင်နိုင်လေသည်။ ခန်းမဆောင် အထက်အောက်တွင်လည်း ရှိုင်ရယ်

mgyoe.com

စကော့ (Royal Scots) စစ်တပ်တီးဝိုင်းမှ တီးပေးနေသော တေးသံကိုကြားနိုင်လေသည်။

ဘွဲ့ယူမည့်သူများကို သက်ဆိုင်ရာ ပါမောက္ခ၊သက်ဆိုင်ရာ ကျောင်းအုပ်၊ သက်ဆိုင်ရာ အကြီးအကဲက ရှေ့ဆောင်၍ ချန်စလယ်လာရှေ့မှောက်သို့ ဘွဲ့ယူရန် ပို့ရလေသည်။ ထိုပွဲသဘင်တွင်–

ဘီအေ ဘွဲ့ရသူ ၃၄ဦး
ဘီအက်စ်စီဘွဲ့ရသူ ၈ဦး
ဘီအယ်လ်ဘွဲ့ရသူ ၁၃ဦး

ရှိလေသည်။ ထိုအထဲတွင် ဂုဏ်ထူးရသူများလည်း ပါလေသည်။ ပမာအားဖြင့် အက်ဂျူဟူနသန်သည် ဘီအေဘွဲ့ကို အင်္ဂလိပ်စာ ပထမတန်းဂုဏ်ထူးဖြင့် လည်းကောင်း၊ မောင်ဘကျားသည် ဘီအေဘွဲ့ကို ပါဠိ ပထမတန်းဂုဏ်ထူးဖြင့်လည်းကောင်း၊ မောင်ဘိုးသုန်သည် ဘီအက်စ်စီဘွဲ့ကို သင်္ချာ ပထမတန်းဂုဏ်ထူးဖြင့်လည်းကောင်း ရခဲ့လေသည်။

ထိုနှစ် ဘွဲ့နှင်းသဘင်တွင် ထူးခြားချက် တစ်ခုရှိလေသည်။ ထိုထူးခြားချက်မှာ ဂုဏ်ထူးဆောင် အမ်အေဘွဲ့ တစ်ခုနှင့် ဂုဏ်ထူးဆောင် ဒီလစ် (စာပေပါရဂူ)ဘွဲ့ တစ်ခုကို အပ်နှင်းခြင်း ဖြစ်လေသည်။ ယူနီဗာစီတီ၏ ဂုဏ်ကျက်သရေ တိုးအောင် ကြိုးပမ်းချက်တစ်ရပ်ပင်။ အမ်အေဘွဲ့ကို ကမ္ဘည်းကျောက်စာဝန်လည်းဖြစ်၊ အရှေ့တိုင်း စာပေပါမောက္ခလည်းဖြစ်သော ဒူရွာဆယ် (Charles Duroiselle) အား ပါဠိ သက္ကတ မွန် မြန်မာ ကျောက်စာများကို ကျွမ်းကျွမ်းကျင်ကျင် ဘာသာပြန်ခဲ့သည့် အကြောင်းကြောင့် အပ်နှင်းသည်။ ဒီလစ်ဘွဲ့ကို လယ်တီဆရာတော်အား ပါရမီဒီပနီ၊ ပရမတ္ထဒီပနီ၊ နိရုတ္တိဒီပနီ၊ နိဗ္ဗာန ဒီပနီစသော ကျမ်းကြီး ကျမ်းခိုင်များကို ပြုစုခဲ့သည့်အကြောင်းကြောင့် အပ်နှင်းသည် [၃၁]။

တစ်ခု ဆိုစရာရှိလေသည်။ ဂျူဗလီဟောခွဲ လယ်တီဆရာတော်ကို ဒီလစ်ဘွဲ့အပ်နှင်းသည်မှာ စတီသဘောမျှ ဖြစ်လေသည်။ တကယ်ဘွဲ့လက်မှတ်ကို အပ်နှင်းခဲ့သည်မှာ စစ်ကိုင်းချောင်တွင် ဖြစ်လေသည်။ ရှင်းပါဦးအံ့။ ယူနီဗာစီတီသစ်၏ သိက္ခာတက်ရန်ဟူ၍ အာဏာပိုင်များသည် ဆရာတော်ကို ဒီလစ်ဘွဲ့အပ်နှင်းရန်ကြံရွယ်ခဲ့လေသည်။ ဘွဲ့နှင်းသဘင်လုပ်ချိန်တစ်ဝိုက်၌ကား ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၌ ဆေးဝါးသုံးဆောင်ရင်း သီတင်းသုံးလျက် ရှိလေသည်။ ထိုအခါ ဆရာတော်၏ တပည့် အပါးတော်မြဲဖြစ်သူ ရန်ကုန်ချောင် ဆရာတော် ဦးဓမ္မစာရီက ဆရာတော်အဖို့ ရန်ကုန်သို့ ဆင်းလာ ဘွဲ့ယူရန်

m g y  SAMPLE BOOK 

မဖြစ်နိုင်သည့်အကြောင်း ပြန်ကြားလေသည်။ ယူနီဗာစီတီ၏ အရှေ့တိုင်းစာပေ ဘုတ်အဖွဲ့ဝင် ဖြစ်နေသော စာတော်ပြန် ဝန်ထောက် ဦးဘိုးဖြူထံသို့လည်း ထပ်မံ သံကြိုးရိုက် အကြောင်းကြားလေသည်။ အကြောင်းကြားချက် သဘော ကား အောက်ပါအတိုင်းပင်–

> ဒကာတော် စာတော်ပြန် ဦးဘိုးဖြူထံသို့ အထက်အဆိုပါအတိုင်း သိမြင်ရန် အကြောင်းပြန်ကြားလိုက်ပါသည်။ ရဟန်းကသွား၍ ဘွဲ့ တံဆိပ်ယူရန် မလျောက်ပတ်၊ ရဟန်းထံသို့ လာရောက်ဆက်ကပ် မြဲ ဝတ္တရားရှိသည့်အတိုင်း သံကြိုးပြန်လိုက်ရသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတောင်ရိုး၌ ဆေးဝါးသုံးဆောင် လျက် ရှိနေရာ ထပ်မံ၍ ဤအကြောင်းနှင့်တစ်ဖန် လျှောက်ရန်မသင့် လျော်သဖြင့် ပထမ စီမံချက်အတိုင်း ဒကာ ဦးဘိုးဖြူက ရွက်ဆောင် ရန် လုံလောက်ပြီဖြစ်၍ သည်အတိုင်း သံကြိုးရိုက်၍ ပြန်လိုက် ပြီ ဒကာကြီး။
>
> ဦးဓမ္မစာရီ
> စစ်ကိုင်းတောင်ရိုး

ဤသို့အားဖြင့် ၁၉၂၁ခုနှစ်၊ ဒီဇင်ဘာလ ၄ရက်နေ့တွင် စစ်ကိုင်းတောင် ရိုး ဇေတဝန် မဟာလယ်တီ စကြံတိုက်ကျောင်း၌ ဝါကပ်သီတင်းသုံးနေသော လယ်တီဆရာတော် ဦးဉာဏထံသို့ သက်ဆိုင်ရာတို့ လာရောက်၍ ဒီလစ်ဘွဲ့ လက်မှတ်ကို ဆက်ကပ်လှူဒါန်း ပါလေတော့သည် [၃၂]။

❑

mgyoe.com